ကြေးမုံ
The Mirror Daily
Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏနသသတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 29 December 2017 ၉၁၅၃

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း PEACE TALK ကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ Skynet Upto Date၊ MNTV နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး MRTV Facebook page တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုတို့ကို အသိအမှတ်ပြုရန်လိုအပ် မသန်စွမ်းသူများအတွက် ကလျာပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းတူညီမျှရေး ဆောင်ရွက်ပေးရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

**တာဝန်ရှိသူများတက်ရောက်**

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးအောင်ကိုမြင့်၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဆိုင်ရာ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မသန်စွမ်းသူ ၂ ဒသမ ၃ သန်းရှိ**

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူ ၂ ဒသမ ၃ သန်းရှိရာ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ်(၇၀)ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**တန်းတူညီမျှရရှိခံစား**

မသန်စွမ်းသူများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားနိုင်ငံသားများကဲ့သို့ တန်းတူညီမျှ ရရှိခံစားနိုင်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း။

မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင် (Reasonable Accommodation)ဖန်တီးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ စာသင်ခုံများကို ပြင်ဆင်ပြုပြင်ခြင်း၊ မသန်စွမ်းမှု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



ကြေးမုံ

# နိုင်ငံ၏တန်ဖိုး၊ နိုင်ငံ၏အနှစ်သာရ

နိုင်ငံတစ်နိုင်ငံ၏တန်ဖိုးမှာ အနှောင်အဖွဲ့ကင်းကင်းဖြင့် လွတ်လပ်စွာ နေထိုင်ရခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရမှာ ထိုလွတ်လပ်သော နိုင်ငံ၏ အသီးအပွင့်များကို နိုင်ငံသူ၊ နိုင်ငံသားများ မျှဝေခံစားနိုင်ခြင်း ဖြစ်သည်ဟု ယေဘုယျအားဖြင့် မှတ်ယူနိုင်သည်။ အနှစ်ချုပ်မှာ နိုင်ငံ၏ တန်ဖိုးနှင့် အနှစ်သာရများရှိသောနိုင်ငံမှာ စစ်မှန်သည့် အပြည့်အဝ လွတ်လပ်သောနိုင်ငံဟု ဆိုလိုရင်းဖြစ်သည်။

ကမ္ဘာ့သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုလျှင် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံအပါအဝင် အင်အားနည်းနိုင်ငံများ အားလုံးနီးပါး ကိုလိုနီ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ယဉ်ယဉ်ကျေးကျေး အရင်းရှင်နယ်ချဲ့နှင့် ကြမ်းကြမ်းတမ်းတမ်း ဖက်ဆစ်နယ်ချဲ့ လက်အောက်သို့ တစ်မျိုးမဟုတ်တစ်မျိုး ကျရောက်ခဲ့ကြသည်။ ထိုအခါ လွတ်လပ်ရေး လုံးဝဆုံးရှုံးပြီး နိုင်ငံတစ်နိုင်ငံ၏တန်ဖိုး၊ နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရများ ပျောက်ဆုံးခဲ့ရသည်။

စစ်အတွင်းကာလများက ကမ္ဘာပေါ်ရှိနိုင်ငံအများမှာ နယ်ချဲ့တို့၏ ကျူးကျော်ဝင်ရောက်သိမ်းပိုက်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ကြသည်။ ဆုံးရှုံးသွားသောလွတ်လပ်ရေးကို နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်အရင်းခံဖြင့် ကျူးကျော်သူနယ်ချဲ့အား ရဲရဲရင့်ရင့် စွန့်စွန့်စားစား တွန်းလှန် တိုက်ခိုက်ကာ ပြန်လည် ရယူကြရသည်။ လွတ်လပ်ရေးကို ပြန်လည်ရယူရာတွင် ပေးအပ်သူအဖို့ အသာတကြည်၊ ကြည်ကြည်ဖြူဖြူမဟုတ်။ မတတ်သာဘဲ ပေးရသည်ဖြစ်၍ လွတ်လပ်ရေးကို ဉာဏ်ပညာချွန်းအုပ်ကာ ခက်ခက်ခဲခဲ ကျားကုတ်ကျားခဲယူခဲ့ရသည်။

လွတ်လပ်ရေးကိုပေးပြန်သော်လည်း အတွယ်အတာနှင့် အနှောင်အဖွဲ့များ ထားတတ်ကြသည်။ အနှောင်အဖွဲ့မရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် ပေးရပြန်လျှင်လည်း သွေးခွဲသပ်လျှို အမုန်းဖွဲ့ထားခဲ့ကြသည်။ ထို့ကြောင့် ကိုလိုနီနယ်ချဲ့ဟူသည် မည်သည့်နည်းနှင့်မျှ ကောင်းခြင်းလက္ခဏာမရှိချေ။ တစ်ဖန် စစ်ပြီးကာလ၊ စစ်အေးလွန်ကာလတွင် ခေတ်သစ်ကိုလိုနီ နယ်ချဲ့ လက်သစ်သဏ္ဍာန် အသွင်ပြောင်း၍ တစ်ကျော့ပြန်လာသည်။ ခေတ်ဟောင်း ကိုလိုနီဖြစ်စေ၊ ခေတ်သစ်ကိုလိုနီဖြစ်စေ ၎င်းတို့၏အကျိုးစီးပွားအတွက်သာ ဖြစ်သည်။

ကိုလိုနီနယ်ချဲ့လက်အောက်တွင် နိုင်ငံ၏တန်ဖိုး၊ နိုင်ငံ၏အနှစ်သာရ များ ကွယ်ပျောက်ခဲ့ရသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို စည်းလုံးညီညွတ်မှုဖြင့် ရယူကြသည်။ လွတ်လပ်ရေး ရရှိပြီးသော်လည်း စည်းလုံးညီညွတ်မှုအားနည်းလျှင်၊ အချင်းချင်း ညီညီ ညွတ်ညွတ်မရှိလျှင် နိုင်ငံ၏တန်ဖိုး၊ နိုင်ငံ၏ အနှစ်သာရများလည်း လျော့ပါးကျဆင်းသွားနိုင်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံ၊ အချုပ်အခြာအာဏာ ပိုင်သောနိုင်ငံဖြစ်သည်။ အနှောင်အဖွဲ့မရှိ လွတ်လွတ်ကျွတ်ကျွတ် ကင်းကင်းရှင်းရှင်း လွတ်လပ်သောနိုင်ငံဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ လွတ်လပ်စွာ နေထိုင်နိုင်သော နိုင်ငံဖြစ်သည်။ လွတ်လပ်သောနိုင်ငံ၏ အသီးအပွင့်များကို နိုင်ငံသူ၊ နိုင်ငံသားများ မျှဝေခံစားနိုင်သော နိုင်ငံ ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံသည် ကိုလိုနီဆိုးမွေများ ကျန်ခဲ့သည်မှာ အမှန်ဖြစ်သည်။ ဆိုးမွေမှာ လွတ်လပ်ရေးရပြီးသည်နှင့် အယူအဆ ကွဲပြားခြင်း၊ အချင်းချင်းသွေးကွဲခြင်းဖြစ်သည်။

ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသော အခင်းအကျင်းများ နှင့် မြန်မာနိုင်ငံ၏ လက်ရှိ အနေအထားများအရ လွတ်လပ်ရေး နှင့်အချုပ်အခြာအာဏာ အပြည့်အဝရရှိနိုင်ရေး၊ လွတ်လပ်ရေး အသီး အပွင့်များကို အပြည့်အဝခံစားနိုင်ရေးတို့ကို သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ကြရမည်ဖြစ်သည်။ ခေတ်သစ်ကိုလိုနီနယ်ချဲ့မှုတို့ကို မျက်ခြည်မပြတ် သတိမပြတ်ရှိနေရမည်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ရရှိထားပြီးဖြစ်သော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အနှောင်အဖွဲ့ကင်းကင်းဖြင့် လွတ်လပ်စွာနေထိုင် ရခြင်းဖြင့် လွတ်လပ်သောနိုင်ငံ၏ အသီးအပွင့်များကို နိုင်ငံသူ၊ နိုင်ငံသား များ မျှဝေခံစားရရှိနိုင်အောင် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ကြုံတွေ့ ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးနှင့်အနှစ်သာရများ အပြည့်အဝရှိနေမည်ဖြစ်သည်။ ။




## မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ယနေ့နံနက် ဝဝ နာရီ ၄၂ မိနစ် ၂၅ စက္ကန့်အတွင်း မန္တလေးမြေငလျင် စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၂၁၅ မိုင်ခန့်အကွာ မြန်မာနိုင်ငံ ပြည်တွင်း မိုးညှင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၆ မိုင်ခန့်အကွာ မြောက်လတ္တီကျူ ၂၅° ၁၁'၊ အရှေ့ လောင်ဂျီကျူ ၉၆° ၅၇' ကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိ သော မြေငလျင်တစ်ခု လှုပ်ရှားသွား ကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေ ဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန က ထုတ်ပြန်ထားသည်။ **ကြေးမုံ**

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ၂၀၁၇-၂၀၁၈ ပညာသင် နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ် ဌာန ကြီးကြပ်ရေးမှူးများ၊ တွဲဖက် ကြီးကြပ်ရေးမှူးများ၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းကို ယနေ့ နံနက် ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပုံမှန်အတိုင်း ဆောင်ရွက်သွားမည်ဖြစ် ပြီး တစ်နိုင်ငံလုံးရှိ ပြည်တွင်း စာစစ် ဌာနများအတွက် မေးခွန်းတစ်စုံ၊ နိုင်ငံ ခြားစာစစ်ဌာနအတွက် မေးခွန်းတစ်စုံ ဖြင့် ကျင်းပဆောင်ရွက်မည်ဖြစ်ကာ စာမေးပွဲနှင့်ပတ်သက်၍ မသမာဖြေဆို မှုများ လုံးဝမရှိစေရေး ဆောင်ရွက် ကြရန် ပြောကြားသည်။

ကျောင်းသား ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်ရန်၊ တာဝန် ယူ တာဝန်ခံ ဆောင်ရွက်တတ်ရန်၊ တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူငယ် များဖြစ်ရန် ပြုစုပျိုးထောင်ပေးကြရ မည်ဖြစ်ကာ စာဖြေကာလ အတွင်း သတ်မှတ်ချိန်အတိုင်း စာမေး ပွဲ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး စာမေးပွဲ ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက် များကို စာစစ်ဌာန ကြီးကြပ်ရေးမှူး များ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများအားလုံး ပူးပေါင်းလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲ လုပ်ငန်း ဆိုင်ရာများကို ယခင်နှစ် အတွေ့အကြုံ များအရ အားသာချက်များကို ပိုမို ကောင်းမွန်စေရေးနှင့် အားနည်းချက် များ လျော့နည်းလာအောင် ပြင်ဆင် ၍ စနစ်တကျ အောင်မြင်စွာကျင်းပ နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ က သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားသည်။ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီး ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၀ ရက်က ချောင်းဆုံမြို့နယ်ရှိ ခရိုက်ဒူး၊ ဆယ်ပလာ၊ ရေတွင်းကုန်း၊ ခရိုက်နီးဟုကျေးရွာများ၌ ဆောင်ရွက် လျက်ရှိသော ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ၊ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဖံဖကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော တွင်းတိမ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကော့ကဒဲ့ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဉာဏ်နိုင်(ကျေးလက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်(ရွှေဈေး) ၉၃၄၅၀၀ - ၉၃၄၅၀၀၊ မန္တလေး(ရွှေဈေး) ၉၃၄၅၀၀ - ၉၃၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၅/၇၉၅ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၅ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၀/၇၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၇/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၂. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇. ၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၅၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄. ၄၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၃. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၁၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၀. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၆. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**✱ ရှေ့ဖုံးမှ**

အမျိုးအစားအလိုက် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများထောက်ပံ့ပေးခြင်း စသည့် ရုပ်ဝတ္ထုဆိုင်ရာများ ဖြည့်ဆည်းပေးမှု အားနည်းခြင်း၊ မျက်မမြင်လက်စမ်းစာနှင့် လက်သင်္ကေတပြဘာသာစကားတို့ တတ်မြောက်သည့် ဆရာဆရာမများနှင့် မသန်စွမ်းသူ ဆရာဆရာမများ စသည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာများ ဖြည့်ဆည်းပေးမှုများ မရှိခြင်းနှင့် မသန်စွမ်းသူအပေါ် နားလည်သဘောပေါက်မှု အမြင်သဘောထားဆိုင်ရာ အတားအဆီးများကို ယနေ့တိုင်မြင်တွေ့ကြားသိနေရဆဲဖြစ်ပါကြောင်း။

**အသိအမှတ်ပြုရန်လိုအပ်**

မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးနှင့် အမှီအခိုကင်းစွာ နေထိုင်နိုင်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးမှုသည် လွန်စွာအရေးကြီးပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုတို့ကို အသိအမှတ်ပြုရန် လိုအပ်ပြီး လုပ်ငန်းအလိုက် လိုအပ်ချက်အရ စွမ်းဆောင်ရည် မြှင့်တင်ခြင်းသင်တန်း အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းခွင်နေရာများကို မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် လိုအပ်သောနည်းပညာများ ထောက်ပံ့ပေးရန်လည်း လိုအပ်ပါကြောင်း။

**တန်းတူညီမျှရေး**

မသန်စွမ်းသူများ၏ အခြားသော အခွင့်အရေးများဖြစ်သည့် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သတင်းအချက်အလက်ရယူနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း အမှီအခိုကင်းစွာ ရပ်တည်နိုင်မှု အစရှိသည့် လူ့အခွင့်အရေးများအပါအဝင် မသန်စွမ်းသူများအတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းတူညီမျှရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

**အဖွဲ့ဝင်နိုင်ငံအဖြစ်အတည်ပြု**

မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို အသိအမှတ်ပြုဆောင်ရွက်သည့်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၀)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

**အဓိကထားဆောင်ရွက်**

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများကို မသန်စွမ်းသူများ အပြည့်အဝခံစားရရှိနိုင်ရေးအတွက် အမျိုးသားကော်မတီ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ ဘဝတိုးတက်လာစေရေး၊ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်မူဝါဒနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက်ခြင်းနှင့် ချမှတ်ထားသော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်သည့် အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ မသန်စွမ်းမှုလုပ်ငန်းကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းစသည့် လုပ်ငန်းတာဝန်များကို အဓိကထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**လက်တွဲဆောင်ရွက်**

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းသာ သက်ဆိုင်ကြောင်း မယူဆစေလိုဘဲ အခြားကဏ္ဍအလိုက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများကလည်း တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အသစ်စတင်ဆောင်ရွက်ရမည့် အစီအစဉ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် မသန်စွမ်းမှုဆိုင်ရာလိုအပ်ချက်များ သိရှိနားလည် ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင်လည်း မသန်စွမ်းသူများကို ပါဝင်ဆောင်ရွက်ခွင့်ပေးပြီး မသန်စွမ်းသူများနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**နှောင့်နှေးကြန့်ကြာစေနိုင်**

မသန်စွမ်းမှုသည် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အကြောင်းအရာတစ်ခုမဟုတ်ဘဲ မသန်စွမ်းမှုဆိုင်ရာအရေးကိစ္စတို့ကို လျစ်လျူရှုထားခြင်းနှင့် မသန်စွမ်းသူများကို ချန်လှပ်ထားခြင်းသာလျှင် လူ့အဖွဲ့အစည်း၏ ရေရှည်တည်တံ့မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို လျှောက်လှမ်းရာတွင် ထိခိုက်နှောင့်နှေးကြန့်ကြာစေနိုင်သည့်အတွက် မသန်စွမ်းသူများအားလုံး တန်းတူအခွင့်အရေးရရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အားလုံးပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်နှင့် အမျိုးသားကော်မတီရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၇ ခုနှစ် သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ သုံးလပတ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ရှေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်စကားပြောကြားသည်။



လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ဤအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ထရန်စဖော်မာအသစ် တိုးချဲ့တည်ဆောက်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် အနောက်မြို့ပတ်လမ်းနှင့် အာဆီယံလမ်းထောင့်တွင် ၁၁/သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး အသစ်တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်မြင့် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီး၍ ဒီဇင်ဘာ ၂၅ ရက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ရဲထွန်း**

# ယူကရိန်းအစိုးရနှင့် သူပုန်တို့အကြား အကြီးကျယ်ဆုံးသော စစ်သုံ့ပန်းဖလှယ်မှုပြုလုပ်



**ကီယက်ဗ် ဒီဇင်ဘာ ၂၈**

ယူကရိန်းနိုင်ငံအစိုးရနှင့် နိုင်ငံအရှေ့ပိုင်းရှိ လွတ်လပ်ရေးလိုလားသော လက်နက်ကိုင် အဖွဲ့အစည်းတို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် အကြီးမားဆုံးသော စစ်သုံ့ပန်းလဲလှယ်မှုပြုလုပ်ခဲ့ကြကြောင်း၊ အစိုးရတပ်ဖွဲ့က ၎င်း၏ တပ်ဖွဲ့ဝင် သုံ့ပန်း ၇၄ ဦးကို လက်နက်ကိုင် အဖွဲ့အစည်းမှ တပ်ဖွဲ့ဝင်သုံ့ပန်း ၂၃၈ ဦးဖြင့် လဲလှယ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၂၉ ရက်၌ ဆွေးနွေးမှုအရ စစ်သုံ့ပန်းများ အပြန်အလှန် ဖလှယ်ကြရန် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၅ ရက်နှင့် ၁၂ ရက် ဆွေးနွေးမှုများတွင် အသေးစိတ် ဆက်လက် ဆွေးနွေးခဲ့ကြပြီး ယူကရိန်းနိုင်ငံအစိုးရက စစ်သည် ၃၀၆ ဦးကို ၇၄ ဦးနှင့် လဲလှယ်ရန် သဘောတူညီခဲ့ကြသည်။

အစိုးရ၏ စစ်သုံ့ပန်းများအနက် နှစ်ဦးမှာ ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ အရပ်ဘက် လက်နက်ကိုင်အဖွဲ့အစည်းသို့ မပြန်လိုသဖြင့် မပါဝင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဧပြီလတွင် ယူကရိန်း အရှေ့ပိုင်းတွင် စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် အစိုးရနှင့် လက်နက်ကိုင်များအကြား စစ်သုံ့ပန်းလဲလှယ်မှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ယခုတစ်ကြိမ် စစ်သုံ့ပန်းဖလှယ်မှုမှာ ဦးရေအရ အများဆုံးဖြစ်သည်။

စစ်သုံ့ပန်း ဖလှယ်ရေး အစီအစဉ်အရ ဒွန်းနက်နှင့် လူဟန့်ဒေသတို့မှ သူပုန်များနှင့် အစိုးရတပ်ဖွဲ့တို့အကြား စစ်သုံ့ပန်းဖလှယ်မှုကို ဒွန်းနက်ဒေသ၌ ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# ပနားမားနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေး ၈၄ တန်ကျော် စံချိန်တင်ဖမ်းဆီး

**ပနားမားစီးတီး ဒီဇင်ဘာ ၂၈**

တရားမဝင် မူးယစ်ဆေးဝါး ၈၄ ဒသမ ၆ တန်ကို ၂၀၁၇ ခုနှစ်အတွင်း ပနားမားတာဝန်ရှိသူများက ဖမ်းဆီးရမိကြောင်း၊ ယင်းပမာဏမှာ စံချိန်တင် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း အစိုးရအေဂျင်စီများက ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားရေကြောင်းနှင့် လေကြောင်း လုံခြုံရေးတပ်ဖွဲ့၊ အမျိုးသားနယ်ခြားစောင့် တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့က ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်မှုအတွက် အဓိကကျကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။



ပနားမားနိုင်ငံတွင် ၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ၇၂ တန် ဖမ်းဆီးရမိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပနားမားနိုင်ငံတွင် ယခုနှစ်အတွင်း မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများထံမှ အမေရိကန်ဒေါ်လာ ခြောက်သန်း၊ လက်နက်မျိုးစုံ ၁၁၃ လက်၊ ရေယာဉ် ၅၃ စင်းနှင့် မော်တော်ယာဉ် ၂၅၃ စင်းအပြင် မက်သာဖက်တမင်း မူးယစ်ဆေးချက်လုပ်ရာတွင် အသုံးပြုသည့် ကိရိယာများကို သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူ ၁၄၇ ဦးတို့ကို ဖမ်းဆီးအရေးယူထားသည်။

မူးယစ်ဆေးဝါးမှောင်ခိုနှိမ်နင်းရေး စစ်ဆင်ရေး လုပ်ငန်းအများစုကို ပင်လယ်ပြင်အတွင်း ပြုလုပ်ခဲ့ကြောင်း ပနားမားတာဝန်ရှိသူများက ပြောကြားသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်လေတပ်မှ အမောင်းသင်လေယာဉ်နှစ်စင်း တိုက်မိပြီး ပျက်ကျ

**ဒါကာ ဒီဇင်ဘာ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ အရှေ့တောင်ဘက် ၂၉၂ ကီလိုမီတာအကွာရှိ ကောက်ဘဇားခရိုင်တွင် ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက လေတပ်(ဘီအေအက်ဖ်)မှ အမောင်းသင်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ် တိုက်မိပြီး ပျက်ကျခဲ့ကြောင်း၊ လေယာဉ်နှစ်စင်းမှ လေယာဉ်မှူးများမှာ အရေးပေါ်ထိုင်ခုံများ အသုံးပြုခုန်ထွက်၍ ဘေးကင်းလွတ်မြောက်ခဲ့ကြကြောင်း စစ်ဘက်ပြန်ကြားရေးဌာနက ပြောကြားသည်။

အမောင်းသင်လေယာဉ်နှစ်စင်းသည် ဝေဟင်အတွင်း ပျံသန်းစဉ် တိုက်မိပြီး မီးလောင်ပေါက်ကွဲခဲ့ကြောင်း စစ်ဘက်ပြောကြားရေး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး မဒ်ရာဇီဒူးလ်ဟက်ဆန်က ပြောကြားသည်။

ယင်းအမောင်းသင်လေယာဉ်နှစ်စင်းသည် ဒီဇင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲဝန်းကျင်တွင် ပျက်ကျခဲ့ကြောင်း၊ ယင်းလေယာဉ်နှစ်စင်းသည် ရေဒါစခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် ၁၅ မိနစ်ခန့်အကြာတွင် ပျက်ကျခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အမောင်းသင်လေယာဉ်များမှာ ရုရှားနိုင်ငံလုပ် ယက်-၁၃၀ အမျိုးအစားများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုင်ခုံနှစ်လုံးပါ အမောင်းသင်လေယာဉ်များကို ဗိုလ်လောင်းများက မောင်းနှင်ကြခြင်းဖြစ်ပြီး လေယာဉ်ချင်းတိုက်မိမှုဖြစ်ပွားရသည့် အကြောင်းရင်းကို လတ်တလော သိရှိရခြင်းမရှိသေးပေ။

**ဆင်ဟွာ**

# မည်သည့်ခြိမ်းခြောက်မှုကိုမဆို အန်တုရင်ဆိုင်နိုင်သော စစ်အင်အား အပြည့်အဝရှိဟု အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် ဒီဇင်ဘာ ၂၈**

အစ္စရေးလေတပ်သည် မည်သည့်ခြိမ်းခြောက်မှုကိုမဆို အန်တုရင်ဆိုင်နိုင်သော စစ်အင်အား အပြည့်အဝရှိသည်ဟု ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟူက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးလေတပ်သည် မည်သည့်အကွာအဝေးမဟူ ပစ်မှတ်အသီးသီးသို့ ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိကြောင်း၊ စစ်ရေးစွမ်းပကားများအရ အမြင့်ဆုံးအနေအထားတွင် ရောက်ရှိနေကြောင်း၊ နည်းပညာသုံး စစ်လက်နက်ကိရိယာများ၊ စစ်လေယာဉ်များ၊ တိုက်လေယာဉ်မှူးများမှာ အကောင်းဆုံးအဆင့်တွင်ရှိနေကြပြီး ထိုးစစ်အတွက်ရော ခံစစ်အတွက်ပါ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း ဝန်ကြီးချုပ် နေတန်ယာဟူက နိုင်ငံတောင်ပိုင်း ဟက်ဇာရင်လေတပ်စခန်း၌ ဒီဇင်ဘာ ၂၇ ရက်က လေတပ်လေယာဉ်မှူးများ၏ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ အီရန်၏ စစ်ရေးတည်ရှိမှုကို မိမိတို့လက်မခံနိုင်ကြောင်း နေတန်ယာဟူက သတိပေးသည်။

အလားတူပင် ဂါဇာကမ်းမြောင်ဒေသနှင့် ပတ်သက်၍ ပြောကြားရာတွင် ဒေသခံ ပါလက်စတိုင်း ပြည်သူများအနေဖြင့် ငြိမ်းချမ်းစွာနေထိုင်ကြရန် တိုက်တွန်းခဲ့သည်။

အဆိုပါ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် လေတပ်လေယာဉ်မှူး ၃၆ ဦးကို တောင်ပံရင်ထိုးတံဆိပ်များ အပ်နှင်းပေးခဲ့သည်။ အစ္စရေး လေတပ်လေကြောင်းပျံသန်းရေး စစ်တက္ကသိုလ်၌ ပညာသင်ကာလသုံးနှစ်ရှိ သင်တန်းတွင် တက်ရောက်ခဲ့ကြသူ ဗိုလ်လောင်း ၃၆ ဦးတွင် အမျိုးသမီးဗိုလ်လောင်းတစ်ဦးလည်း ပါဝင်သည်။

**ဆင်ဟွာ**



# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းနှင့် အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၈**
တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၁၅)နှင့် အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား သင်တန်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၅)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ် ၃၈၁၅ သင်တန်းသား ဝေဖြိုးဟိန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် ၃၈၂၂ သင်တန်းသား သန့်စင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် ၃၇၈၀ သင်တန်းသား စိုးခန့်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် တပ်မတော်အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၂)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူအမှတ် ၁၃၅ သင်တန်းသူ နန်းရဝေပိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူအမှတ် ၁၁၉ သင်တန်းသူ စုမွန်နိုင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသူအမှတ် ၁၆၄ သင်တန်းသူ အေးသော်တာမင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာ၌ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဖြစ်မနေလိုအပ်နေသည့် ထာဝရငြိမ်းချမ်းရေးရရှိအောင်လည်း တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးမူဝါဒ ခြောက်ရပ်ချမှတ်ပြီး စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများအရ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးကို အမည်နာမအမျိုးမျိုးဖြင့် နယ်မြေပိုင်းခြား သတ်မှတ်ထားသော်လည်း နယ်မြေဒေသတိုင်းတွင် တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသည့်အတွက် ပြည်ထောင်စု၏ အသွင်သဏ္ဌာန်သည် ခွဲထွက်ခြင်း၊ ပဲ့ထွက်ခြင်း၊ ကွဲပြားခြင်း မဖြစ်စေရေး အလွန်အရေးကြီးကြောင်း။

မိမိတို့အနေဖြင့် တပ်မတော်နှင့်ပြည်သူအပေါ် တာဝန်ကျေပွန်ခဲ့သည့် နောင်တော်စစ်သည်များ၏ ကောင်းမြတ်သည့် အစဉ်အလာများကို အားကျအတုယူပြီး မိမိတို့တပ်မတော်၏ ကောင်းမွေဆက်ခံသူ တပ်မတော်သားများ၊ ပြည်သူက အားကိုးအားထားပြုရသည့် ပြည်သူချစ်သည့် စစ်သည်တော်ကောင်းများဖြစ်လာအောင် ပြုကျင့်နေထိုင်သွားကြရန် မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၅)မှ ထူးချွန်ဆု ရရှိခဲ့ကြသည့် သင်တန်းသားများနှင့် ၎င်းတို့၏မိဘများ၊ အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၂)မှ ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသူများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၁၅)နှင့် အမျိုးသမီးသူနာပြုသိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ တိုးချဲ့ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**
ရေစကြိုမြို့နယ် မုံညင်းကျေးရွာ ဒေသနေတောင်သူများက ဝါယာ-သာစည် မြစ်ရေတင်မှ တိုးချဲ့ရေပေးဝေနိုင်ရေး တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီး၏ စီမံမှုအရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝါယာ-သာစည် မြစ်ရေတင်လုပ်ငန်းတွင် မြေယာဧက ၁၅၀၀ ခန့်အား တိုးချဲ့ရေပေးဝေနိုင်ရေး ရေသောက်စနစ်သစ် တိုးချဲ့တည်ဆောက်ခြင်း၊ ရေတင်စက်တပ်ဆင်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းခြင်းနှင့် မူလရေပေးမြောင်းမကြီးအား တိုးချဲ့ရေပေးလွှတ်နိုင်မည့် ဒီဇိုင်းကျူ့ဆက်ရအောင် တိုးချဲ့တည်ဆောက်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေပြင်အသေးစိတ် တိုင်းတာခြင်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒီဇိုင်းရေးဆွဲ တွက်ချက်လျက်ရှိသည်။

ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှာ လက်ရှိ မိုးစပါးဧက ၂၄၅၀ ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး ရေသောက်စနစ် တိုးချဲ့ဆောင်ရွက်ပြီးစီးပါက ဧက ၁၅၀၀ ကို ထပ်မံရေပေးသွင်းနိုင်မည်ဖြစ်၍ ရေသောက်ဧက စုစုပေါင်း ၃၉၅၀ အထိ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ - ဆည်မြောင်း**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအကြောင်းမိတ်ဆက်ခြင်းနှင့် မီဒီယာများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**
အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(National Electrification Project– Off Grid)အကြောင်း မိတ်ဆက်ခြင်းနှင့် မီဒီယာများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် (၃၆)၌ ကျင်းပသည်။



ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဒေါက်တာခင်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများက စီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းသည် ၂၀၁၆ မှ ၂၀၂၁ ခုနှစ် ငါးနှစ်တာကာလအတွင်း လျှပ်စစ်မီး မရရှိသေးသည့် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ဝေးကွာကာ လာမည့် ၁၀ နှစ်အတွင်း လျှပ်စစ်မရရှိနိုင်သေးသည့် ကျေးရွာများကို ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းတွင် ပါဝင်သည့် တစ်အိမ်သုံး ဆိုလာစနစ်များ တပ်ဆင်ပေးသည့် ကျေးရွာများအတွက် ပြည်သူ့အချိုးကျ ထည့်ဝင်ငွေဖြင့် လည်းကောင်း၊ အသေးစား ဆိုလာ ဓာတ်အားပေးစနစ်အတွက် ကုန်ကျစရိတ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိုက်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီနှင့် ပြည်သူ့ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း စီဖြင့် လုပ်ငန်းလည်ပတ်နေခြင်း ဖြစ်သည်။

စီမံကိန်း ငါးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် လျာထားချက်မှာ တစ်အိမ်သုံး ဆိုလာစနစ်အတွက် ကျေးရွာပေါင်း ၅၁၀၀ ကျော်နှင့် အသေးစား လျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် ကျေးရွာစုစုပေါင်း ၃၆၀ တွင် ဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပါ စီမံကိန်းတွင် အများပြည်သူသုံး ဆိုလာစနစ်များလည်း ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကြီးအတွက် ပထမ ငါးနှစ်(၂၀၁၆ မှ ၂၀၂၁ ခုနှစ်ထိ)စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်က ချေးငွေအမေရိကန်ဒေါ်လာသန်း ၉၀ ကို မဟာဓာတ်အားလိုင်းပြင်ပ မီးလင်းရေးလုပ်ငန်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးအနှံ့ ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်မီးရရှိရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေအဖြစ် အမေရိကန်ဒေါ်လာသန်း ၄၀၀ ပေးရာတွင် ကျန်အမေရိကန်ဒေါ်လာ သန်း ၃၁၀ ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မဟာဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းခြင်း လုပ်ငန်းများအဖြစ် လုပ်ဆောင်မည် ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# နိုင်ငံသားအားလုံးအတွက် ထာဝစဉ် မမေ့အပ်သော လွတ်လပ်ရေးနေ့

■ မောင်သောင်းဝင်း(တမန်ဟောင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခိုင်မာသော လူမျိုးသမိုင်း၊ ခိုင်မာသော နိုင်ငံသမိုင်းနှင့် တည်တံ့ခိုင်မြဲသော အချုပ်အခြာအာဏာပိုင်ရေ၊ မြေပိုင်နက်နယ်နိမိတ်များ ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးပဝေသဏီကတည်းကပင် မျိုးရိုးဂုဏ်ရှိန် ထည်ဝါသော မြန်မာတိုင်းရင်းသားများအဖြစ် ခံယူကာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေသော လူမျိုးများဖြစ်ကြသည်။ မြန်မာမှန်လျှင် သတ္တိဗျတ္တိရှိသည်။ ရဲရင့်သည်ဆိုသော ဂုဏ်ပုဒ်ကို တစ်ပါတည်းတွဲ၍ ရှုမြင်ကြသည်။

**လူသားမျိုးနွယ်အစ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဟူသော ဤမြေပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း သန်း ၄၀ ကျော်ခန့်က အစပြု၍ မြန်မာ့ရှေးဦးလူမျိုးများ စတင်နေထိုင်ခဲ့သည်ကို ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများက သက်သေပြလျက်ရှိသည်။ ထိုအချက်သည် "လူသားမျိုးနွယ်အစ မြန်မာက" ဟူ၍ပင် ယူဆနိုင်ပေသည်။ ဤမြေပေါ်တွင် နယ်မြေဒေသအလိုက် ဘာသာစကား၊ ဓလေ့စရိုက်နှင့် လူမျိုးအခေါ်အဝေါ် အသီးသီး အမည်တွင်လျက်ရှိသော်လည်း မြန်မာတိုင်းရင်းသားအားလုံးသည် ရှေးပဝေသဏီကပင် ဝံသာနုရက္ခိတတရားနှင့် ထာဝရ လက်တွဲနေထိုင်ခဲ့ကြသည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖြစ်ကြသည်။

**စည်ပင်ဖွံ့ဖြိုးခဲ့**

မြန်မာနိုင်ငံသည် အေဒီ ၁၀၄၄-၁၀၇၇ ခုနှစ် အနော်ရထာမင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၅၅၁-၁၅၈၁ ခုနှစ် ဘုရင့်နောင်မင်းလက်ထက်တွင် လည်းကောင်း၊ အေဒီ ၁၇၅၂-၁၇၆၀ ခုနှစ် အလောင်းမင်းတရားလက်ထက်တွင် လည်းကောင်း ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြု၍ သုံးကြိမ်တိုင်တိုင် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံကြီးအဖြစ် စုစည်းတည်ထောင်ခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာများတွင် စည်ပင်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး၊ စစ်ရေး စသည့်မျက်နှာစာများတွင်လည်း ဂုဏ်ရှိန်ရောင်ဝါထွန်းလင်းပြောင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း ပြည်သူတို့၏ စွမ်းပကားဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ ထိုနိုင်ငံကြီးများသည် မြန်မာတို့ ညံ့ဖျင်းမှုမရှိဆိုသော သာဓကများပင်ဖြစ်သည်။

**သူ့ကျွန်ဘဝကျရောက်**

သို့ရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် နန်းတွင်းအရှုပ်တော်ပုံများကိုသာ အာရုံစိုက် ဖြေရှင်းနေခဲ့ရသဖြင့် တိုင်းပြည်၏ အဓိက ကာကွယ်ရေးအင်အားဖြစ်သော စစ်အင်အားချည့်နဲ့လာပြီး အဘက်ဘက်မှ ခေတ်နောက်ကျခဲ့သည်။ အကျိုးဆက်အနေဖြင့် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။

ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ်ကတည်းက အောက်မြန်မာနိုင်ငံကို စတင်ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော် ကြာမြင့်သည်။ ထိုအချိန်က နိုင်ငံသားအားလုံး၏ အိပ်မက်များ ပျောက်ဆုံးခဲ့ရသည်။ နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက် ကုပ်သွေးစုပ်မှုကို အလူးအလဲခံခဲ့ကြရသည်။ ပင်ပန်းကြမ်းတမ်းသော ကာလများပင်ဖြစ်သည်။

**တွန်းလှန်တိုက်ခိုက်**

မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော ပြည်ထောင်စုဖွား တိုင်းရင်းသား သူရဲကောင်းများသည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပြီဆိုကတည်းကပင် ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့တို့အား အသက်ပေးကာ နည်းလမ်းပေါင်းစုံဖြင့် တိုက်ထုတ်ခဲ့ကြသည်။ သို့သော် စနစ်တကျ စုဖွဲ့လေ့ကျင့်တိုက်ခိုက်ခြင်းမျိုး မရှိခဲ့သဖြင့် တိုင်းပြည်အတွက် အသက်ကိုသာ စွန့်လွှတ်ခဲ့ကြရသည်။ ဝမ်းနည်းဖွယ်ကောင်းသည့်ဖြစ်ရပ်များပင်ဖြစ်သည်။

ထို့နောက် ၁၉၂၀ ပြည့်လွန်နှစ်များမှစ၍ လူငယ်များအကြားတွင် မျိုးချစ်စိတ်ဓာတ် ပိုမိုပြင်းထန်လာခဲ့သည်။ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံးစသည့် အသင်းကြီးများဖွဲ့စည်းကာ လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် အမျိုးသားရေးလှုပ်ရှားမှုများဖြစ်သည့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများထဲတွင် မျိုးချစ်စိတ်ဓာတ်ပြင်းထန်ပြီး လွတ်လပ်ရေးကို အရယူသွားမည်ဆိုသော သံမဏိစိတ်ဓာတ် ကိန်းအောင်းနေသည့် လူငယ်တစ်ဦး ပေါ်ထွန်းလာခဲ့သည်။ ထိုသူကား အခြားမဟုတ်ချေ။ ယနေ့အချိန်အထိ ပြည်သူအားလုံး၏ ရင်ထဲတွင် ကိန်းအောင်းလျက်ရှိသည့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။

**တပ်မတော်ဖွဲ့စည်း**

ထိုစဉ်က မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးလျက် အမျိုးသားရေးလှုပ်ရှားမှုများကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ရေးအတွက် တိတ်တဆိတ် ကြိုးပမ်းလှုပ်ရှားနေရသော သခင်အောင်ဆန်းဦးဆောင်သည့် အဖွဲ့ဝင်များကို ကိုလိုနီနယ်ချဲ့များက ဖမ်းဆီးထောင်သွင်း အကျဉ်းချမှုများ အရှိန်မြှင့်ဆောင်ရွက်လာခဲ့သည်။ သခင်အောင်ဆန်းသည် နယ်ချဲ့တို့၏ ဖမ်းဆီးမှုမှ လွတ်မြောက်အောင် လိမ္မာပါးနပ်စွာရှောင်ရှားလျက် လွတ်လပ်ရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့ရသည်။

ထို့အပြင် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို တွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများ ရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားအကူအညီရရှိရေးအတွက် ပြည်ပသို့ တိတ်တဆိတ် ထွက်ခွာခဲ့ရသည်။ ထို့နောက် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာ ပေးဆပ်တိုက်ခိုက်သွားမည်ဟု သစ္စာဆိုကာ လက်မောင်းသွေးဖောက်သောက်ခဲ့ကြသည်။ ထိုနေ့၌ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

**လွတ်လပ်ရေးတိုက်ပွဲဝင်**

ထိုနေ့ ထိုအချိန်မှစ၍ လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချီတက်ခဲ့ပြီး ထိုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ကို သိမ်းပိုက်ခဲ့သည်။ ထိုနှစ် ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့တပ်မတော် စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် BIA မှ ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army-BDA)ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်(ဖ်) တပ်မတော်များနှင့်အတူ နယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ် ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။ ထို့အပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း နယ်ချဲ့တို့ထံ တည်တံ့စွာပြောဆိုတောင်းဆိုနိုင်ခဲ့သည်။ နယ်ချဲ့တို့ထံ လွတ်လပ်ရေး တောင်းဆိုရေးအတွက် တိုင်းပြည်အတွင်းတရားမျှတသော ရွေးကောက်ပွဲကြီးကျင်းပကာ တိုင်းပြည်ပြု လွှတ်တော်ကြီး ကျင်းပနိုင်ခဲ့သည်။ ထိုလွှတ်တော်ကြီးမှ တိုင်းပြည်အတွက် အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံဖွဲ့စည်းထူထောင်ရန် အရေးကြီးအဆိုကို တင်သွင်းနိုင်ခဲ့သည်။

**လွတ်လပ်ရေးလိုချင်ပါသလား**

"လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ၊ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ၊ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကိုလုပ်ကြပါ၊ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကိုလွတ်လပ်ရေးအရသာကို ခံစား စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေ ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ကနေ့ ပြောခဲ့ချင်တယ်" ဟုဆိုကာ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီး၌ တိုင်းသူပြည်သားများအား တိုက်တွန်းပြောကြားခဲ့သည်။ ဗိုလ်ချုပ်သည် လွတ်လပ်ရေးကို တန်ဖိုးထားတတ်စေရန် စေတနာထား ပြောကြားခဲ့ခြင်းဖြစ်သည်။

**လွတ်လပ်ရေးရရှိ**

မည်သို့ပင်ဆိုစေကာမူ ဗိုလ်ချုပ်၏ အမြော်အမြင်ကြီးမားမှုကြောင့် ကျွန်တော်တို့တိုင်းပြည်နှင့် လူမျိုးအတွက် အသက်တမျှအရေးပါသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျရောက်တော့မည်ဖြစ်သည်။ ထိုနေ့သည် တိုင်းပြည်နှင့်လူမျိုးအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ပင်ဖြစ်သည်။

**လွတ်လပ်ရေးကမ္ပည်းထိုး**

ထိုလွတ်လပ်ရေးနေ့သည် မြန်မာတိုင်းရင်းသားပြည်သူများအတွက် နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်သည်။ ထိုနေ့တွင် မြန်မာနိုင်ငံ အနှံ့အပြားရှိ မြို့၊ ရွာများတွင် မှတ်တမ်းတင် မော်ကွန်းကျောက်စာတိုင်များ စိုက်ထူခဲ့ကြသည်။ ထိုကျောက်စာတိုင်များတွင် "သက္ကရာဇ် တစ်ထောင့်သုံးရာကိုးခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့အား ဤငါတို့မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကြီးအဖြစ် ကောင်းစွာရောက်သတည်း"ဟူ၍ ကမ္ပည်းထိုးထားကြသည်။

**ကိုလိုနီအမွေဆိုး**

နယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်ပြီးနောက် လွတ်လပ်ရေးရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သော်လည်း ကိုလိုနီအမွေဆိုးများကမူ ကျန်ခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုများအကြား စိတ်ဝမ်းကွဲပြီး တစ်ဦးနှင့်တစ်ဦး သံသယဝင်ကာ လက်နက်စွဲကိုင်ခဲ့ကြသည်။ တချို့သော တိုင်းရင်းသားများသည် လက်ရှိအချိန်အထိ လက်နက်စွဲကိုင်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံသော ငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်ခြင်း မရှိသေးဘဲ တချို့သောဒေသများတွင် သေနတ်သံများ ကြားနေရဆဲပင်ဖြစ်သည်။ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်သာ ပဓာန**

"တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်သော်ငြားလည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ဖွသည့်တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်"ဟူ၍ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့၌ပင် ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီး၌ သတိပေးပြောကြားခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ❖



လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီး၌ မိန့်ခွန်းပြောကြားနေစဉ်။

> တိုင်းရင်းသားညီအစ်ကိုများအကြား ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာ တည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာနေသော နိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည် မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမြဲတစေ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

# ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




"မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစု အများအပြား နေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစည်းရာမှာ အားလုံးသဘောတူလက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ် ပေါ်ထွန်းလာဖို့ လိုအပ်နေပါတယ်"

*(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၅-၉-၂၀၁၇ ရက်နေ့ (၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)*

❖ စာမျက်နှာ ၆ မှ

ဗိုလ်ချုပ်၏မိန့်ခွန်းသည် နားထောင်ရာတွင် နားဝင်မချိုသော်လည်း ထိထိမိမိရှိလှသည်။ နိုင်ငံသားအားလုံး သတိထားရမည့်အချက်ကို ထိထိမိမိ ပြောခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်အထိလည်း ထင်ဟပ်မှန်ကန်နေဆဲပင်ဖြစ်သည်။ ထိုမိန့်ခွန်း၏ အနှစ်သာရသည် ကမ္ဘာတည်သရွေ့ ဆက်လက်မှန်ကန်နေမည်ဖြစ်သည်။ တိုင်းပြည်တစ်ခုတည်ဆောက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် မည်မျှအရေးပါနေကြောင်းကို အနာဂတ်ကို မျှော်တွေးကာ သတိပေးသွားခြင်းဖြစ်သည်။

**ထာဝရငြိမ်းချမ်းရေးတည်ဆောက်**

လွတ်လပ်ရေးရရှိခဲ့သည့်အချိန်ကာလသည် အနှစ်(၇၀)ပြည့်တော့မည်ဖြစ်သည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ၊ ရှိအတူနေထိုင်ခဲ့ကြသည့် တိုင်းရင်းသား ညီအစ်ကိုများအကြား စားပွဲဝိုင်းတွင် ဆွေးနွေး တိုင်ပင်ညှိနှိုင်းသွားမည်ဆိုလျှင် (Win-Win)ရလဒ်ရရှိနိုင်ပေသည်။ မတူညီမှုများကို ဖယ်ရှားကာ တူညီသောအချက်များဖြင့် စတင် ဆွေးနွေးသင့်နေပြီဖြစ်သည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှ အရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှုအင်အားချည့်နဲ့ယိုယွင်းလာသောနိုင်ငံသည် အဘက်ဘက်မှ အနုတ်လက္ခဏာ ဆောင်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် တချို့သော အရှေ့အလယ်ပိုင်းနိုင်ငံများကို သင်ခန်းစာယူသင့်သည်။ ထိုနိုင်ငံများရှိ ပြည်သူများသည် ဒုက္ခပင်လယ်ဝေနေကြသည်။ ကလေးငယ်များသည် အနာဂတ်ပျောက်ဆုံးနေကြသည်။

ထို့အပြင် စည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံလည်း အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားနိုင်ပေသည်။ ဆိုလိုသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများ ဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအဆက်ဆက်သည် တိုင်းပြည်ငြိမ်းချမ်းရေးကို ထုဆစ်ပုံဖော်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ လက်ရှိအစိုးရသည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် ငြိမ်းချမ်းရေးအတွက် အရေးပါသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံကိုလည်း ဒုတိယအကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး တတိယအကြိမ် ညီလာခံကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပသွားနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

**ကိုယ်စီတာဝန်ရှိ**

တိုင်းရင်းသား ညီအစ်ကိုများအကြား ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာတည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာနေသောနိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမြဲတစေ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားတိုင်းသည် တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းထားနိုင်ရန် ကိုယ်စီတာဝန်ရှိကြပါသည်။ ထိုတာဝန်ကို ကျေပွန်ရန်အတွက် နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားသင့်ပေသည်။

လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သောအချိန်မှသာ သိရှိကြသည်။ တိုင်းရင်းသားပြည်သူများသည် အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ကာ လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့ကြရသည်။ ထိုလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရေးသည် မျိုးဆက်သစ်များ၏ တာဝန်ပင်ဖြစ်သည်။ သွေးစည်းညီညွတ်မှုမရှိဘဲ အမှုမဲ့အမှတ်မဲ့သာ နေထိုင်နေမည်ဆိုလျှင် ရရှိထားသော လွတ်လပ်ရေးသည် တစ်ခဏအတွင်း ဆုံးရှုံးသွားနိုင်သည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး ထာဝစဉ်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထိုလွတ်လပ်ရေးကို ပြည်သူများအကြား တည်ဆောက်ထားသည့် စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့်သာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ဆုံးရှုံးသွားခဲ့သော မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် ဘိုး၊ ဘွား၊ ဘီ၊ ဘင် တို့သည် အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ခဲ့ကြရသည်။

ထိုသို့ များစွာ ပေးဆပ်ခဲ့ရသည့် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်ရန်သည် ပဓာနကျသောအချက်ပင်ဖြစ်သည်။ မျက်မှောက်ခေတ် မျိုးဆက်သစ်များသည် မလွတ်လပ်မှုအောက်တွင် နေထိုင်ရသည့် ခါးသီးသောအတွေ့အကြုံမျိုး မရှိကြသဖြင့် လွတ်လပ်ရေး၏တန်ဖိုး အနှစ်သာရကို မေ့လျော့နေတတ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့ကို မမေ့အပ်သောနေ့တစ်နေ့အဖြစ် ရင်ထဲအသည်းထဲတွင် ထာဝစဉ်ထိန်းသိမ်းထားနိုင်ကြပါစေ။ ။

## ထိန်းသိမ်းကြစို့ လွတ်လပ်ရေးအမွေ

❖ ကျေးဇူးဂုဏ်ရည် မျှော်မှန်း
တမ်းတမြဲထာဝစဉ်
မြတ်နိုးချစ်ခင်။
လွတ်လပ်ရေးရဲ့ ဖခင်
စွမ်းဂုဏ်အင် အံ့မခန်း။
နယ်ချဲ့ရန်တွန်းလှန်ထုတ်တဲ့
ဗိုလ်ချုပ်အောင်ဆန်း။

❖ မှန်းမျှော်ရည်ကျေးဇူးဆပ်သို့
သတိမချပ်ကာကွယ်လေ
လွတ်လပ်ရေးအမွေ။
လက်ဆင့်ကမ်းလို့ ထိန်းသိမ်းမသွေ
တို့တစ်တွေတာဝန်သိ။
ဇာတိမာန်ဇာတိသွေး
ဆိုရေးလည်းရှိ။

❖ အသိကိုယ်စီ တို့လူထု
ဂုဏ်ပြုမြဲနှစ်စဉ်
ကျေးဇူးကိုမြင်။
ဗိုလ်ချုပ်ကို တကယ်ချစ်ရင်
ထာဝစဉ်အသိတရား။
လွတ်လပ်ရေးအမွေ တစ်သဝေမတိမ်း
ထိန်းသိမ်းစို့လား။ ။

အောင်မြင့်စိုး(ရေစကြို)

[နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးအဖြစ် အသစ်ခန့်အပ်ခြင်းခံရသည့် H.E. Ms. Vanessa Elisabeth Chan Yuen Ying အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် စင်ကာပူ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၈**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.June Kunugi နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် အမျိုးသားလွှတ်တော် (J)ဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းနှင့် အိမ်တွင်းမှုသင်တန်းများဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ပုသိမ်)၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းနှင့် အိမ်တွင်းမှု သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း တက်ရောက် အမှာစကား ပြောကြားသည်။



ဒုတိယဝန်ကြီးက နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒလေးရပ် ချမှတ်ပြီး ဆောင်ရွက်လျက် ရှိပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူကြမည့် သင်တန်းသူအမျိုးသမီးများအနေဖြင့် သင်တန်းသူညီမတွေ အချင်းချင်းကြား စည်းလုံးညီညွတ်မှု၊ ကူညီရိုင်းပင်းမှုများထားရှိကြစေလိုကြောင်း၊ သင်တန်းမှ သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရမည် ဖြစ်ကြောင်း၊ သင်ကြားပေးသော သင်ခန်းစာများကို ကြိုးကြိုးစားစား သင်ယူကြရန်နှင့် သင်တန်းကရရှိသည့် သက်မွေးဝမ်းကျောင်းပညာရပ်များနှင့် ဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် အသုံးချရင်း အနာဂတ်ဘဝ သာယာလှပစေရန်အတွက် ကြိုးစားသင်ယူကြစေလိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း သင်တန်းသူ အစဉ်မပြတ်ရရှိစေရေး၊ သင်တန်းရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့်အတူ ဝိုင်းဝန်းကူညီ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က သင်တန်းဖွင့်လှစ်မှုအစီအစဉ်နှင့် သင်တန်းအတွက် ထောက်ပံ့ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ စားရိပ်သာ၊ စားဖိုဆောင်၊ အိပ်ဆောင်များနှင့် သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ပေးခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပခုက္ကူ)မှ သင်တန်းသူ ၇၅ ဦး၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ပုသိမ်)မှ သင်တန်းသူ ၇၅ ဦး၊ စုစုပေါင်း ၁၅၀ တို့အား ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စာတွေ့သုံးလနှင့် လက်တွေ့သုံးလ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

နိုင်ငံတော်အတွင်း ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အထူးအစီအစဉ်ဖြင့် ချေးငွေများထုတ်ချေးမည်ဖြစ်ပါသည်။

ယင်းသို့ ထုတ်ချေးရာတွင် အငြိမ်းစားဝန်ထမ်းများအတွက် အငှားအိမ်ရာနှင့် အရောင်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် တင်ဒါအောင်မြင်သူလုပ်ငန်းရှင်များအား ဦးစားပေးထုတ်ချေးမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ချေးငွေများရောက်ရှိနိုင်စေရန် ဆောင်ရွက်ပါမည်။ လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့က ထောက်ခံချက်ဖြင့် လျှောက်ထားလာသူများကိုလည်း ဦးစားပေးစဉ်းစားမည်ဖြစ်ပါသည်။

**ချေးငွေအတိုးနှုန်းနှင့် သက်တမ်း**

တစ်နှစ်လျှင် အတိုးနှုန်း ၁၁ ရာခိုင်နှုန်းဖြင့် သက်တမ်းသုံးနှစ်မှ ငါးနှစ်အထိ သတ်မှတ်ပါသည်။

**ချေးငွေပမာဏသတ်မှတ်ချက်များ**

ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းတစ်ခုလျှင် လုပ်ငန်းပြီးစီးမှုအလိုက် လုပ်ငန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ အာမခံထားရှိမှုအပေါ် ရာဖြတ်တန်ဖိုးအား အခြေပြု၍လည်းကောင်း လုပ်ငန်းသဘာဝအပေါ် အခြေခံ၍ထုတ်ချေးရန် လျာထားသတ်မှတ်ထားပါသည်။

**ရယူမည့်အာမခံပစ္စည်း**

ချေးငွေအတွက် အာမခံအဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် မြေနှင့် အဆောက်အအုံများအပြင် အပ်ငွေအမျိုးမျိုး၊ အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များ၊ စတော့ရှယ်ယာ၊ ဒီဘင်ချာ၊ ဘဏ်အာမခံ၊ အစိုးရအာမခံ၊ ချေးငွေအာမခံလက်မှတ် (Credit Guarantee Insurance)များကိုလည်း အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ CGI စနစ်ဖြင့် ဆောင်ရွက်ပါက ချေးငွေပမာဏကန့်သတ်ချက်ရှိနိုင်ပါသည်။

**ချေးငွေပြန်လည်ပေးဆပ်ရမည့် အစီအစဉ်**

ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင်

(က) သုံးနှစ်ဖြစ်ပါက ပထမတစ်နှစ် ဆိုင်းငံ့ကာလအဖြစ် အတိုးကိုသာ ပေးသွင်း၍ ကျန်နှစ်နှစ်အတွင်း ရှစ်ရစ်ဖြင့်လည်းကောင်း၊

(ခ) လေးနှစ်ဖြစ်ပါက ပထမတစ်နှစ်နှင့် ခြောက်လကို ဆိုင်းငံ့ကာလအဖြစ် အတိုးသာပေးသွင်း၍ ကျန်နှစ်နှစ်နှင့် ခြောက်လတွင် ၁၀ ရစ်ဖြင့်လည်းကောင်း၊

(ဂ) ငါးနှစ် ဖြစ်ပါက ပထမနှစ်နှစ်ကို ဆိုင်းငံ့ကာလအဖြစ် အတိုးသာပေးသွင်း၍ ကျန်သုံးနှစ်အတွင်း ၁၂ ရစ်ဖြင့်လည်းကောင်း ပေးဆပ်ရပါမည်။

ချေးငွေ လျှောက်ထားလိုသူများသည် မိမိတို့နှင့် နီးစပ်ရာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ ချေးငွေများကို လျင်မြန်စွာ စိစစ်ထုတ်ချေးနိုင်ရန်အတွက် ဘဏ်လုပ်ထုံးလုပ်နည်းအရ လိုအပ်ချက်များ ပြည့်စုံစွာတင်ပြသူများကို ချေးငွေစိစစ်အကဲဖြတ်ရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးပြီး ဘဏ်၏ချေးငွေကော်မတီနှင့် ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့တို့က စိစစ်ခွင့်ပြုပေးမည်ဖြစ်ပါသည်။

# MNL-2 ပထမတန်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၁၈ ရာသီ MNL-2 ပထမတန်းအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်လာပြီဖြစ်ပြီး အသင်းခုနစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းသစ် Planning & Finance အပါအဝင် အသင်းဟောင်းများဖြစ်သည့် စီးတီးစတား၊ ငွေကြယ်ပွင့်၊ ဖုန်ဂန်၊ တက္ကသိုလ်၊ ဒဂုံနှင့် မောရဝတီအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် လိဂ်နှစ်ခုမှ အသင်းလေးသင်းအထိ ဖျက်သိမ်းခဲ့သောကြောင့် လာမည့်ရာသီတွင် MNL ၌ အသင်း ၁၂ သင်းပြည့်ရန် ပထမတန်းမှ အသင်းများ တန်းတင်ပေးခဲ့ရသောကြောင့် MNL-2 ပထမတန်းအမှတ်ပေးပြိုင်ပွဲတွင် အသင်းအရေအတွက် လျော့ကျခဲ့ခြင်းဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီမှ မတ်လအထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်များကို တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် ကွင်းသုံးကွင်း၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁)ကို ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မောရဝတီအသင်းနှင့် ဒဂုံအသင်း၊ ပဒုမ္မာကွင်း၌ တက္ကသိုလ်အသင်းနှင့် ဖုန်ဂန်အသင်း၊ စလင်းကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် စီးတီးစတားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

✱ ပြည်ထောင်စုမှ

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် နာဂဒေသ တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လာမည့် ၂၀၁၈ ဇန်နဝါရီ နောက်ဆုံးပတ်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီအဖွဲ့အနေဖြင့် တက်ရောက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီသည် ၂၀၁၆ ခုနှစ် ဇူလိုင် ၂ ရက်တွင် (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် တွေ့ဆုံခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်အဖြစ် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူး ဦးလှမောင်ရွှေက "ကျွန်တော်တို့ဘက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)နဲ့ ပတ်သက်ပြီး စဉ်းစားပေးဖို့ ပြောတယ်၊ သမ္မတ ဦးသိန်းစိန် လက်ထက်က လုပ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို သူတို့တက်တယ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးနဲ့ ဒုတိယအစည်းအဝေးကိုတော့ သူတို့ တက်ရောက်နိုင်ခြင်းမရှိဘူး၊ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး တက်ရောက်ဖို့ အကြိုဖိတ်ကြားတယ်၊ တရားဝင်စာနဲ့လည်း ဖိတ်ကြားမယ်လို့ ကျွန်တော်တို့ဘက်က အဆိုပြုခဲ့ပါတယ်၊ ဒါကြောင့် (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီအနေနဲ့ တက်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်တယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံရသည့် အကြောင်းရင်းကို အဆိုပါအဖွဲ့၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဖွဲ့ဝင် ဦးကျော်ဝမ်းစိန်က "ကျွန်တော်တို့ အစိုးရသစ်နဲ့ မတွေ့ဖြစ်ဘူး၊ ရန်ကုန်မရောက်တာ တစ်နှစ်ကျော်ကျော်ရှိပြီ၊ ဒါကြောင့် ငြိမ်းချမ်းရေးကော်မရှင်က တွေ့ဖို့ လာခဲ့ပါဆိုပြီး ဒီနေ့ ရက်ချိန်းပေးတယ်၊ တွေ့ဆုံဖြစ်တဲ့ အကြောင်းရင်းက ကျွန်တော်တို့ ဒေသ ဖွံ့ဖြိုးတည်ငြိမ်အေးချမ်းချင်တယ်၊ နောက် တစ်ဖက်နဲ့ တစ်ဖက်က ဆက်ဆံမှုတွေ ယုံကြည်စိတ်ချရတာပေ့ါ၊ နယ်မြေအခြေအနေက ကောင်းပါတယ်၊ ဒါပေမယ့် ငြိမ်းချမ်းရေးကော်မရှင်နဲ့ ကျွန်တော်တို့က အမြဲတမ်းတွေ့ဆုံဖို့ လိုအပ်လို့ လာတွေ့ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။



နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီတို့၏ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော်လည်း ၂၀၁၂ ခုနှစ် ဧပြီလတွင် အစိုးရနှင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ရေးထိုးထားပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ တပ်မတော်နှင့် ထိတွေ့မှုများမရှိခဲ့ကြောင်း သိရသည်။

NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသည့်အပေါ် ဦးကျော်ဝမ်းစိန်က "ကျွန်တော်တို့ နာဂတွေ NCA လက်မှတ်မထိုးနိုင်တာက ကျွန်တော်တို့ဒေသနဲ့ ကျွန်တော်တို့ရဲ့နိုင်ငံရေးအခြေအနေကိုက လက်မှတ်ထိုးဖို့ အခြေအနေမပေးလို့ မထိုးနိုင်ရခြင်း ဖြစ်ပါတယ်၊ ပြည်နယ်အဆင့် လက်မှတ်ရေးထိုးထားတယ်၊ နောက် အောက်ခြေအဆင့်မှာလည်း ထိတွေ့မှု မဖြစ်အောင် ကျွန်တော်တို့က ဆောင်ရွက်ကြပါတယ်၊ ဒါကို နိုင်ငံတော်အဆင့် လူကြီးတွေကလည်း သဘောပေါက်ပါတယ်၊ ဒါပေမယ့် အမြဲတမ်းတော့ ဖိတ်ခေါ်နေပါတယ်၊ အိန္ဒိယဘက်က နာဂပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံထဲက နာဂပဲဖြစ်ဖြစ် နာဂလူထုကတော့ ငြိမ်းချမ်းမှုကို လိုချင်ကြပါတယ်၊ ကျွန်တော်တို့အဖွဲ့အစည်းတွေကလည်း ငြိမ်းချမ်းမှုကိုလိုချင်ပါတယ်"ဟု ပြောသည်။

ယနေ့ ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ အကြံပေးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအန်ကန့်၊ ဗဟိုကောင်စီဝင် ဦးကျော်ဝမ်းစိန်၊ ဦးစောထင်နှင့် ရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီသည် အိန္ဒိယနှင့် မြန်မာနယ်စပ်တွင် ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဥက္ကဋ္ဌ ဦးကက်ပလန်သည် ၂၀၁၇ ခုနှစ် ဇွန်လဆန်းတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။

ရဲခေါင်ညွန့်



# အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဘာသာ စာစစ်မှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာဖြေဆိုမှုစွမ်းရည်နှင့်ပတ်သက်၍ လည်းကောင်း၊ သင်္ချာဘာသာ စာစစ်မှူးချုပ်၊ ရန်ကုန်တက္ကသိုလ် သင်္ချာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာကေတီတင်က ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၏ သင်္ချာဖြေဆိုမှုစွမ်းရည်နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အင်္ဂလိပ်စာပြိုင်ပွဲတွင် ဆန်ခါတင်ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများက အင်္ဂလိပ်စာစွမ်းရည်ကို သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အကဲဖြတ်စစ်ဆေးခြင်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးသော တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ကူညီပေးသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာ့ခေတ်ဆန်းပန်းချီ နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က စီစဉ်ကျင်းပမည့် မြန်မာခေတ်ဆန်းပန်းချီ နှစ်(၁၀၀)ပြည့်ပွဲတော်ကို မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုနယ်မြေတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့်အပြင် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားကဇာတ်ရုံ တွင်လည်း ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသွားမည်ဟု မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)မှ သိရသည်။

"ဒီလိုပွဲမျိုးက နိုင်ငံတကာမှာလည်း ကျင်းပတယ်၊ နိုင်ငံတိုင်းမှာလည်း ကျင်းပကြတယ်၊ ကျွန်တော်တို့နိုင်ငံမှာတော့ နှစ်တစ်ရာပြည့် ပထမဆုံး ကျင်းပမှာဆိုတော့ ဒါကစိန်ခေါ်မှုလည်းဖြစ်တယ်၊ အခွင့်အရေးလည်း ဖြစ်တယ်၊ မြန်မာ့အနုပညာ၊ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာက သိစေဖို့ဆိုရင် ဒီလိုမျိုးပွဲတော်တွေကို စဉ်ဆက်မပြတ်ကျင်းပနေမှ ဖြစ်မှာ၊ အဲဒါကို နိုင်ငံတော်အစိုးရကော ပြည်သူကော ကျွန်တော်တို့ အနုပညာရှင်တွေ အားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မယ်" ဟု မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) နိုင်ငံတကာ ဆက်ဆံရေးမှူး ပန်းချီ မိုးကျော်သန့်က ပြောသည်။

အဆိုပါပွဲတော်တွင် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲပန်းချီ၊ ဖယောင်းရောင်စုံ၊ Tatoo အပြင် မြန်မာ့ပန်းဆယ်မျိုး၏ အနုပညာလှုပ်ရှားမှုအမျိုးမျိုးကို တင်ဆက်ပြသသွားမည်ဖြစ်ရာ ပါဝင်ပြသလိုသည့် အနုပညာရှင်များအနေဖြင့် မည်သူမဆို အနုပညာလက်ရာပစ္စည်းများ ပေးပို့နိုင်ကြောင်း သိရသည်။

"ဒီအနုပညာ လက်ရာပစ္စည်းတွေကို ကျွန်တော်တို့စပြီး လက်ခံနေပြီ၊ ပြီးတော့ ကတ်တလောက်အတွက် ပန်းချီဆရာတစ်ဦးကို ပန်းချီကားတစ်ကားနှုန်းနဲ့ ဝင်ရောက်ပြသနိုင်မှာဖြစ်ပါတယ်၊ ပန်းချီပန်းပု ပန်းဆယ်မျိုးလုံး ပူးပေါင်းပါဝင်နိုင်ပါတယ်၊ ဒါ့အပြင် ပွဲတော်အတွက် ရာပြည့် အထူးထုတ် မဂ္ဂဇင်းကိုလည်း ထုတ်သွားဖို့ ရှိပါတယ်" ဟု ပန်းချီ မိုးကျော်သန့်က ဆက်လက်ပြောသည်။



ပန်းချီ မိုးကျော်သန့်

ပါဝင်ပြသလိုသည့် ပန်းချီ၊ ပန်းပု အနုပညာရှင်များအနေဖြင့် မိမိပါဝင်ပြသလိုသည့် အနုပညာလက်ရာများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အတွင်း မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)သို့ ပေးပို့နိုင်သည်။ ပန်းချီကားပေးပို့လိုသူများအနေဖြင့် ဆီဆေး၊ အခရိုင်းလစ် ပန်းချီကား ဆိုဒ် (၃' × ၄') ဖြင့် အကြီးဆုံးပေးပို့နိုင်ပြီး ရေဆေးပန်းချီကားဆိုပါက ဆိုဒ်ပြည့်ပေးပို့နိုင်ကြောင်း သိရသည်။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အနုပညာစွမ်းအားဖြင့် ပါဝင်ဆောင်ရွက်ရန်၊ ပန်းချီပန်းပု ပညာရှင်များ စုပေါင်းလက်တွဲ၍ ပညာရှင်များ၏ ဘဝလူနေမှုအဆင့်မြင့်မားပြီး အနုပညာမြောက် လက်ရာများ ပိုမိုဆန်းသစ်စေရန်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးပြု လက်ရာမွန်များ ထုတ်ဖော်ထိန်းသိမ်းပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပန်းဆယ်မျိုးပညာရပ်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ ယဉ်ကျေးမှု ဂုဏ်သိက္ခာများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိပါ အထူးထင်ရှားပေါ်လွင်စေမည့် ပွဲတော်တစ်ခုဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့ခေတ်ဆန်းပန်းချီ နှစ်(၁၀၀)ပြည့်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်း - ခင်ဇာလီ
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

# အခြေခံ စားသောက်ကုန် လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းဖွင့်

**ဗန်းမော် ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်ဆောင်ရွက်သော အခြေခံ စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်က အခြေခံစားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းတက်ရောက်သူများ ရရှိမည့် အကျိုးရလဒ်များကို သင်တန်းသား သင်တန်းသူများအနေဖြင့် အလေးထားသင်ယူသွားကြရန် ပြောကြားသည်။ သင်တန်းကာလမှာ ၁၅ ရက်ကြာ သင်ကြားမည်ဖြစ်ပြီး ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ကြေးမုံ

# ဆေးဝါးများနှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူဖြန့်ဖြူးခြင်းစနစ်နှင့် မှာယူတောင်းခံခြင်း၊ ထောက်ပံ့ပေးခြင်းဆိုင်ရာ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆေးဝါးများနှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူဖြန့်ဖြူးခြင်းစနစ်နှင့် မှာယူတောင်းခံခြင်း၊ ထောက်ပံ့ပေးခြင်းဆိုင်ရာ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေး (Procurement Plan and Indent System Review)ကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခင်ကကျင့်သုံးခဲ့သော ဆေးဝါးဝယ်ယူဖြန့်ဖြူးရေးနှင့် မှာယူတောင်းခံပုံစနစ်အစား ယခုအခါ ပြောင်းလဲလာသော အခြေအနေ အချိန်အခါနှင့် ကိုက်ညီအောင် ပြန်လည်သုံးသပ်ကာ ယခင်ကထက် အလေအလွင့်နည်းပါးပြီး ပိုမိုထိရောက်သည့် စနစ်တစ်ခု ဖြစ်ပေါ်လာစေရန် အရေးတကြီး ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကြီးတစ်ခုလုံး ကောင်းမွန်ထိရောက်စွာ လည်ပတ်နိုင်ရေးအတွက် ဆေးဝါးဝယ်ယူဖြန့်ဖြူးမှု၊ စနစ်တကျ မှာယူတောင်းခံတတ်မှု၊ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်မှု စသည်တို့သည် အလွန်အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း။

ဆေးဝါးဝယ်ယူဖြန့်ဖြူးမှုစနစ် ကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော အဓိကဆေးဝါးများနှင့် စက်ပစ္စည်းကိရိယာများ ပြတ်လပ်ခြင်း၊ ပျက်စီးခြင်းများ လျော့နည်းလျှင် လျော့နည်းသလို ကျန်းမာရေးဝန်ဆောင်မှုကို ရယူကြသည့် ပြည်သူများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးသောဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံး နှစ်ဦးနှစ်ဖက် အထူးအကျိုးရှိမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ဆေးရုံများ၏ ဆေးသိုလှောင်ခန်းများတွင် ကွန်ပျူတာစနစ်သုံး ဆေးဝါးမှတ်တမ်းထိန်းစနစ်ကို စတင်အသုံးပြုနေပြီဖြစ်သဖြင့် ယခင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်နေပြီ ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာသူများမှလည်း မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ သဘောထား၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပါရန်နှင့် ဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အချက်များကိုလည်း အလေးအနက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က အမှာစကားပြောကြားပြီး ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်က Current Procurement & Indent System အကြောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာ ကျော်ကံကောင်းက Different Modules of Indent Flow ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာ ကျော်စိုးမင်း၊ ဗဟိုဆေးသိုလှောင်ရေးဌာန (မန္တလေး) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၊ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇင်ကိုကိုအောင်တို့က Challenges and Lesson Learnt on Procurement and Distribution System ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေး မေးမြန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

### ❖ စစ်တွေမှ

စစ်တွေမြို့ မြစ်ကမ်းဘေးတွင် အကောင်အထည်ဖော်သွားမည့် စစ်တွေမြစ်ကမ်း မြို့သစ်စီမံကိန်းကို ရခိုင်ပြည်နယ်အစိုးရနှင့် ကိုရီးယားကုမ္ပဏီ BXT International Co.,Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် စီမံကိန်းပြီးစီးမှု အခြေအနေ၊ မြို့သစ်စီမံကိန်း မြေကွက်များ ရောင်းချသွားမည့် အခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ပြုလုပ်ခြင်းဖြစ်သည်။

"ယခင်အစိုးရသက်တမ်း မကုန်ခင်လေးမှာ MIC ရဲ့ ခွင့်ပြုချက်ကျထားပြီး စီမံကိန်းတစ်ခုဖြစ်ပါတယ်၊ MIC ကို ဖြတ်သန်းပြီး လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဖြတ်ကျော်ပြီးမှ EIA SIA အဆင့်ဆင့်ဆောင်ရွက်ခဲ့တာလည်း ဖြစ်ပါတယ်၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမှာ ရခိုင်ပြည်နယ်အစိုးရက ၃၀ ရာခိုင်နှုန်း၊ BXT က ၇၀ ရာခိုင်နှုန်းဖြစ်ပြီး ရခိုင်ပြည်နယ်အစိုးရအနေနဲ့ MIC က ခွင့်ပြုထားတဲ့စီမံကိန်းတစ်ခု အောင်မြင်အောင် လုပ်ဆောင်ရမယ့်နေရာမှာ စာချုပ်တွေမှာ ပါပါတယ်၊ ကူညီပံ့ပိုးပေးရမယ့် အပိုင်းတွေ၊ ဥပဒေ၊ နည်းဥပဒေ အပိုင်းတွေ၊ မြေယာတွေပေါ်လာပြီး ရင်းနှီးမြှုပ်နှံသူတွေ၊ မြေကွက်အတွက် ဝယ်မယ်ဆိုရင် အဲဒီမြေယာအတွက် ဂရန်ရရှိမယ့် ကိစ္စရပ်တွေ၊ မြေယာနဲ့ရှင်းရှင်းလင်းလင်းဖြစ်ရမယ့် ကိစ္စရပ်တွေကို ပြည်နယ်အစိုးရက ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက မီဒီယာများနှင့်တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းသည် ဧရိယာအားဖြင့် ဧက ၉၀ ခန့်ရှိပြီး စီမံကိန်းဧရိယာ အတွင်း စုပေါင်းအိမ်ရာ၊ လက်လီလက်ကားဈေးကွက်၊ အလယ်အလတ်အမြင့်ရှိ ကွန်ဒိုမီနီယံများ၊ ဂိုဒေါင်နှင့် ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ကုန်သွယ်မှု စီးပွားရေးဇုန်၊ ငါးစက်ရုံများ၊ အပန်းဖြေနေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြစ်ကမ်း မြို့သစ်စီမံကိန်းတွင် စင်ကာပူနိုင်ငံ၏ မြေဖို့ခြင်း နည်းပညာကို အသုံးပြုထားပြီး ကွန်ကရစ်ရေတားနံရံများ ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် မြေသားခိုင်မာမှုရှိသည်ဟု သိရသည်။

စီမံကိန်းပြီးစီးပါက အဓိကအားသာချက်အနေဖြင့် မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများ တင်ပို့ရာ အဓိကဆိပ်ကမ်းမြို့ ဖြစ်လာနိုင်ခြင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများတိုးလာနိုင်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း အဆင့်မီမြို့တော်တစ်ခု ပေါ်ထွက်လာခြင်းကြောင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ခြင်း၊ စက်မှုမြို့အဖြစ် အကောင်အထည်ဖော်နေသည့် ပုဏ္ဏားကျွန်းမြို့နှင့် ဆတ်ရိုးကျ တံတားဖွင့်လှစ်ပြီးပါက မိနစ် ၃၀ ခန့်အတွင်း သွားလာနိုင်မည်ဖြစ်ပြီး စစ်တွေဆိပ်ခံတံတားနှင့် ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့ကို ထောက်ပံ့ပို့ဆောင်ရေး အဓိကဒေသတစ်ခု ဖြစ်လာနိုင်သည်ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးအောင်ကျော်ဇံက ပြောကြားသည်။

အဆိုပါ စီမံကိန်းရှိ မြေကွက်များကို တစ်စတုရန်းပေလျှင် ကျပ်သောင်းဂဏန်းဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အစိုးရက ဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ မြေကွက်များကို ဇန်နဝါရီ ၆၊ ၇ ရက်တို့တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်နှင့် စစ်တွေမြို့တို့၌ အိမ်ခြံမြေရောင်း၊ ဝယ်၊ ငှား ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် iMyanmarHouse.com က တာဝန်ယူရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝဝ၁**

### ❍ ကျောဖုံးမှ

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၁၂ မိနစ်တွင် ရီရီဦးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက စိတ်ကြိုက်ဖိကစားသွားခဲ့ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းက ၁၈၊ ၂၄၊ ၂၈၊ ၄၉၊ ၈၆ မိနစ်တွင် တစ်ဦးတည်းငါးဂိုးသွင်းယူခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာန အသင်းအတွက် ကျန်အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ရီရီဦး၊ မိနစ် ၇၀ တွင် သင်းသင်းယု၊ မိနစ် ၉၀ တွင် ဇင်ဇင်နိုင်တို့က သွင်းယူခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ပြီးခဲ့သည့်ရာသီတွင် တတိယရခဲ့သည့် အသင်းဖြစ်ပြီး ယခုရာသီပထမဆုံးပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

တတိယနေ့ကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်နိုင်ရေး ငွေကျပ် သိန်း ၅၀ လှူဒါန်း

**မြဝတီ ဒီဇင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေဖြင့် ထိုင်းနိုင်ငံမှ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအား ကျွေးမွေးစရိတ်နှင့် အထွေထွေကုန်ကျမှုများ



အတွက် ငွေကျပ် သိန်း ၅၀ ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မြဝတီခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းငွေကျပ် သိန်း ၅၀ အား မြဝတီခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးတင်မောင်ဝေက လှူဒါန်းပေးရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က လက်ခံရယူပေးခဲ့ပြီး မြဝတီပြန်လည်ကြိုဆိုလက်ခံရေးစခန်း ရန်ပုံငွေသို့ပေးသွင်းခဲ့ပါကြောင်း သိရသည်။

"ပြန်လည်ကြိုဆိုရေးစခန်းမှာ ထိုင်းနိုင်ငံက အကြောင်းအမျိုးမျိုးကြောင့် ပြန်လာသူတွေကို ထမင်းကျွေးရသလို သူတို့ရဲ့နေရပ်ပြန်ဖို့လည်း ကြိုဆိုရေးစခန်းက တာဝန်ရှိသူတွေက အခမဲ့ဆောင်ရွက်ပေးပါတယ်၊ ပြီးတော့ ကျန်းမာရေးကိစ္စတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်၊ ဒီတော့ အထွေထွေ ကုန်ကျမှုတွေ၊ လိုအပ်မှုတွေ ရှိနေတဲ့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနကနေပြီး ငွေကျပ် သိန်း ၅၀ ကို မြဝတီပြန်လည်ကြိုဆိုရေးစခန်းကို လှူဒါန်းပေးတာပါ၊ ဒါကိုကျွန်တော်က မြဝတီခရိုင်အုပ်ချုပ်ရေးမှူးထံ ဒီကနေ့ လွှဲပြောင်းပေးအပ်လိုက်တာဖြစ်ပါတယ်"ဟု မြဝတီခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတင်မောင်ဝေက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ၅၂ လမ်း ညဈေးတန်း ဖွင့်လှစ်တော့မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၂ လမ်းတွင် ဖွင့်လှစ်မည့် ၅၂ လမ်း ညဈေးတန်းကို ဒီဇင်ဘာ ၂၉ ရက်မှ စတင်ရောင်းချခွင့် ပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့၏ ညဈေးတန်းသစ်တစ်ခုအဖြစ် ဖွင့်လှစ်ရောင်းချတော့မည့် ၅၂ လမ်း ညဈေးတန်းတွင် နေ့ဈေးသည် ၉၂ ဦး၊ ညဈေးသည် ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ညဈေးတန်းဖွင့်လှစ်ခြင်းကို ကမ်းနားလမ်းတစ်လျှောက်တွင် ယခုနှစ်အတွင်း စတင်ဖွင့်လှစ်ခဲ့ပြီး စတင်ဖွင့်ဖွင့်ခြင်းတွင် အများပြည်သူ စိတ်ဝင်စားမှုများကာ လာရောက်လည်ပတ်သူများ၊ ဈေးဝယ်သူများ၊ စားသောက်သူများဖြင့် စည်ကားခဲ့သော်လည်း ယခုအခါ စည်ကားမှုလျော့နည်းကာ ယခင်ကလောက် အရောင်းအဝယ်မကောင်းတော့ကြောင်း ဈေးရောင်းချသူများက ဆိုသည်။

"ကမ်းနားလမ်း ညဈေးက အစက ခဏခဏသွားဖြစ်တယ်၊ တရုတ်တန်းက ဆိုင်တွေ အဲဒီဘက် ရွှေ့သွားတော့ လိုက်စားဖြစ်တယ်၊ နောက် မိုးတွင်းဘက်ကျတော့ သိပ်မသွားဖြစ်တော့ဘူး၊ ထိုင်လို့ မကောင်းဘူး၊ သန့်ရှင်းမှုပိုင်းနဲ့ အမှိုက်စွန့်ပစ်တာတွေလည်း အားနည်းလာတယ်၊ အခု ၅၂ လမ်း ညဈေးက ဖွင့်မယ်လို့ ပြောနေတာတော့ ကြာပြီ၊ ဖွင့်ရင်တော့ သွားကြည့်တာပေါ့၊ တကယ်ဆို ထိုင်းမှာလုပ်ထားတဲ့ ညဈေးတန်းတွေလိုမျိုး နိုင်ငံခြားသားတွေကိုပါ ဆွဲဆောင်နိုင်ရင် ကောင်းမယ်"ဟု မင်္ဂလာတောင်ညွန့် မြို့နယ်တွင် နေထိုင်သူတစ်ဦးက မှတ်ချက်ပြုသည်။

လမ်းဘေးဈေးသည်များ စနစ်တကျ ရောင်းချနိုင်ရေးအတွက် ညဈေးတန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပုဇွန်တောင်မြို့နယ် ၅၂ လမ်းတွင် ဖွင့်လှစ်မည့် ညဈေးတန်းအတွက် ဈေးရောင်းချခွင့်ကတ်ပြားများကို ဒီဇင်ဘာ ၂၈ ရက်က ထုတ်ပေးခဲ့ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဈေးရောင်းချမည့်သူများ တွေ့ဆုံခဲ့ကြောင်း သိရသည်။ **ဝဝ၁**



# မောင်တောဆေးရုံကြီးတွင် အသေးစားခွဲစိတ်ကုသမှုများ ထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်

**မောင်တော ဒီဇင်ဘာ ၂၈**

သီတဂူဆရာတော်ကြီး လှူဒါန်းသော ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ ရောက်ရှိလာပြီဖြစ်၍ မောင်တောခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အသေးစားခွဲစိတ်ကုသမှု လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း မောင်တောပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီ ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောသည်။

"ကျွန်တော်တို့ဆေးရုံမှာ သီတဂူဆရာတော်ကြီးအနေနဲ့ ၂၀၁၆ ခုနှစ်ကတည်းက ခွဲစိတ်ကုသဆောင်ရယ်၊ ဆေးစတိုရယ် လှူဒါန်းထားပြီးဖြစ်ပါတယ်၊ ဒီနှစ်မှာတော့ လူနာတင်ယာဉ်တစ်စီး ထပ်မံလှူဒါန်းပေးပါတယ်၊ ခွဲစိတ်ကုသဆောင်နဲ့ ဆေးစတိုကတော့ သိန်း ၁၀၀၀ ဖိုးလောက်ရှိပါတယ်၊ ခွဲစိတ်ခန်းထဲမှာရှိတဲ့ ခွဲစိတ်ခန်းသုံးပစ္စည်းလှူဒါန်းတာက သိန်း ၁၅၀၀ တန်ဖိုးလောက်ရှိပါတယ်၊ ဒီလိုလှူဒါန်းပေးတဲ့အတွက် ကျွန်တော်တို့ မောင်တောဆေးရုံကြီးမှာ သားဖွားမီးယပ်လို ခွဲစိတ်ကုသမှုတွေ၊ ခွဲစိတ်ကုသပေးဖို့ လိုအပ်တဲ့လူနာတွေကို ထိရောက်စွာ ကုသပေးနိုင်တော့မှာဖြစ်ပါတယ်" ဟု ဆေးရုံအုပ်ကြီးက ရှင်းပြသည်။

သို့သော်လည်း အကြီးစား ခွဲစိတ်ကုသမှုများဖြစ်သည့် နှလုံးခွဲစိတ်ကုသမှုနှင့် မျက်စိခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးနိုင်ဦးမည် မဟုတ်ကြောင်း၊ အဓိကအားဖြင့် သားဖွားမီးယပ်နှင့် အထွေထွေ ခွဲစိတ်ကုသမှုများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ခုတင် ၅၀၀ ဆံ့ မောင်တောပြည်သူ့ဆေးရုံကြီးသည် မောင်တောမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ အဓိကအားထားနေရသော ဆေးရုံကြီးဖြစ်ကြောင်း၊ လူနာများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဆေးရုံတိုးချဲ့ နှစ်ထပ်လူနာ ကုသဆောင်နှင့် ဆေးရုံဝန်ထမ်းအိမ်ရာများကိုလည်း မကြာမီ စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့က မောင်တောပြည်သူ့ဆေးရုံကြီးတွင် သီတဂူဆရာတော်ကြီးက ခွဲစိတ်ဆောင်၊ လူနာတင်ယာဉ် တစ်စီး၊ အဝတ်အထည်များနှင့် ငွေကျပ် သိန်း ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းပေးခဲ့ကြောင်း၊ ၎င်းငွေကျပ် သိန်း ၁၀၀၀ ကို မြို့နယ်အတွင်း ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍများတွင် ကျပ် သိန်း ၅၀၀ စီ ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**



ဒေါက်တာ ကျော်မောင်မောင်သိန်း



# မောင်တောမြို့နယ်တွင် NVC ကတ်နှင့် NID ပြုလုပ်သူ လူဦးရေ ၃၀၀၀ နီးပါးရှိ

**မောင်တော ဒီဇင်ဘာ ၂၈**

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စုအတွင်း နေထိုင်သော အစ္စလာမ်ဘာသာဝင်များအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC -National Verification Card)နှင့် နည်းပညာသုံး ကတ်ပြားဆောင်ရွက်ရေး ရွှေ့ပြောင်းလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် National Electronic ID (NID) ပြုလုပ်သူ စုစုပေါင်း လူဦးရေ ၃၀၀၀ နီးပါးရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"NVC ဆောင်ရွက်ချက်များကို အောက်တိုဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ပါတယ်၊ ဒီအစီအစဉ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ညွှန်ကြားချက်အရ ဝန်ကြီးဌာနအစီအစဉ်နဲ့ အောက်တိုဘာ ၁၂ ရက်ကနေ လူအင်အား ၆၀ နဲ့ လုပ်ဆောင်ခဲ့ပါတယ်၊ အခုလောလောဆယ်မှာတော့ လူအင်အား ၅၀ နဲ့ အဖွဲ့လေးဖွဲ့ခွဲပြီး ကွင်းဆင်းဆောင်ရွက်ပါတယ်၊ ဒီနေ့အထိ အဖွဲ့လေးဖွဲ့မှာ မြို့မအနောက်ရပ်ကွက်၊ မြို့မတောင်ရပ်ကွက်နဲ့ ရွှေဇားကျေးရွာအုပ်စု အပါအဝင် စုစုပေါင်း အခြေခံစာရင်းမှာတော့ NID ပြုလုပ်ပြီးစီးမှု ၁၅၀၃ ဦးရှိပြီး NVC ပြုလုပ်ပြီးစီးမှု ၁၄၅၇ ဦး ဖြစ်ပါတယ်"ဟု မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ပြောသည်။

ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မောင်တောခရိုင် လဝကဦးစီးမှူးဦးဆောင်၍ မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု ရွှေဇား၊ စေတီပြင်အလယ်တန်းကျောင်းခွဲဝင်းအတွင်း၌ ဒေသနေ ဘင်္ဂါလီလူမျိုးများအား NVC နှင့် NID ကတ် ဆောင်ရွက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသော်လည်း လာရောက်လုပ်သူ အရေအတွက်မှာ တဖြည်းဖြည်း နည်းပါးလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေဇားကျေးရွာအုပ်စုသည် မောင်တောမြို့နှင့် ကပ်လျက်တည်ရှိနေပြီး အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ ကျေးရွာအုပ်စုကြီးဖြစ်သည်။ ကျေးရွာအုပ်စုအတွင်း ကျေးရွာပေါင်း ၁၂ ရွာရှိသည်။ ၎င်းကျေးရွာများအပါအဝင် မောင်တောမြို့နယ်အတွင်း၌ ယနေ့အချိန်အထိ NVC ပြုလုပ်သူ ၁၄၅၇ ဦးနှင့် NID ပြုလုပ်သူ ၁၅၀၃ ဦး စုစုပေါင်း ၂၉၆၀ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

# အသတ်ခံရသော တရိန်း(မြို) တိုင်းရင်းသားတစ်ဦး၏မိသားစုနှင့် တွေ့ဆုံမေးမြန်း

**မောင်တော ဒီဇင်ဘာ ၂၈**

မောင်တောမြို့နယ် မျှော်ချောင်း(မြောက်)ကျေးရွာအနီး လယ်ကွင်းပြင်တွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲခန့်က သတ်ဖြတ်ခံထားရသော တရိန်း ကျေးရွာသားတစ်ဦး၏ အလောင်းအား တွေ့ရှိရကြောင်း တရိန်းဒေသခံများက ပြောသည်။

သတ်ဖြတ်ခံရသူမှာ မောင်တောမြို့နယ် စံကားပင်ရင်းကျေးရွာအုပ်စု တရိန်း (မြို)ကျေးရွာမှ ဦးလောင်းပျော် (၄၅)နှစ် ဖြစ်သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက်က ကျေးရွာသားများနှင့်အတူ ငါးသွားရောက် ရှာဖွေပြီး တစ်ဦးတည်း ပြန်လာရာ နေအိမ်သို့ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသည့်အတွက် ဒီဇင်ဘာ ၂၇ ရက်တွင် တရိန်း(ရခိုင်)ရွာကင်းစခန်းမှ ဒုရဲအုပ် အောင်မိုး ဦးစီးပြီး ကျေးရွာသူကျေးရွာသား ၃၀ ခန့်နှင့် လိုက်လံရှာဖွေရာ မျှော်ချောင်း(မြောက်) ကျေးရွာအနီး လယ်ကွင်းပြင်တွင် သတ်ဖြတ်ခံထားရသော ဒဏ်ရာများနှင့် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း တရိန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအိမ်စိုးမောင်က ပြောသည်။

"ကျွန်တော်တို့ မနေ့ညကတည်းက လိုက်ရှာမလို့ပါ၊ ပျောက်နေတဲ့လူက



**သတ်ဖြတ်ခံရသူ ဦးလောင်းပျော်၏ ဇနီးနှင့် သားသမီးများ။**

အိမ်ကိုပြန်မရောက်တာ ညဉ့်နက်မှ သိရတာ၊ နောက်တစ်နေ့ မနက်မှာ ရွာသားတွေစုပြီး လုံခြုံရေးအဖွဲ့တွေနဲ့ လိုက်ရှာကြတော့ မနက် ၈ နာရီကျော်လောက်မှာ အလောင်းတွေ့တာပါ၊ အခုအလောင်းကို မောင်တောမြို့ ဆေးရုံကို သယ်နေပါတယ်"ဟု ဦးအိမ်စိုးမောင်ကဆိုသည်။

"မနေ့က နေ့လယ်ပိုင်းလောက်မှာ ငါးရှာဖို့ အိမ်ကထွက်သွားခဲ့တာပါ၊ ညပိုင်းလောက်အထိ သူများတွေပြန်လာကြပေမယ့် သူကပြန်မလာဘူး၊ ဒါနဲ့ မိုးလင်းတာနဲ့ သွားရှာကြတော့ လယ်ကွင်းထဲမှာ သူ့အလောင်းကိုပဲ တွေ့ရတော့တယ်၊ အခု ကလေးက ခြောက်ယောက်တောင် ရှိတယ်၊ အကြီးဆုံးမှ (၁၇)နှစ်ပဲရှိသေးတယ်၊ ကလေးတွေက ငယ်လွန်းတော့ မိခင်တစ်ယောက်အနေနဲ့ ဘယ်လိုဘယ်ပုံ ရှာဖွေကျွေးမွေးရမယ်ဆိုတာ စဉ်းစားလို့တောင်မရဘူး"ဟု အသက် (၄၀) အရွယ်ရှိ ဇနီးဖြစ်သူ ဒေါ်ပိုင်တောက်က မောင်တောမြို့ ပြည်သူ့ဆေးရုံ ရင်ခွဲရုံသို့ရောက်ရှိစဉ် ပြောသည်။

"အဖေက ဆုံးပြီဆိုတော့ အခု သမီးက အကြီးဆုံးပေါ့၊ ဘယ်လိုလုပ်ကိုင် စားသောက်ရမှန်းမသိ၊ လုပ်တတ်ကိုင်တတ်သူလည်း မရှိ၊ လူမမယ် ညီငယ်၊ ညီမလေးတွေနဲ့ ဘယ်လိုလုပ်ကိုင် စားသောက်ရမှန်း မသိတော့ပါဘူး၊ အားလုံးတော့ ဒုက္ခတွေရောက်ကုန်ပါပြီ"ဟု သမီးအကြီးဆုံးဖြစ်သူ မပိုင်ပျော်က ပြောသည်။

မောင်တော မြောက်ပိုင်းတရိန်းကျေးရွာတွင် ယခုနှစ် ဇွန် ၂၄ ရက်ကလည်း တရိန်းကျေးရွာသားနှစ်ဦး ငါးရှာထွက်စဉ် အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# မောင်တောမြို့နယ်၌ မြိုတိုင်းရင်းသားတစ်ဦး အသတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မောင်တောမြို့နယ် နယ်မြေ(၄) စံကားပင်ရင်းကျေးရွာအုပ်စု တရိန်း (မြို)ကျေးရွာနေ ဦးလောင်းပျော်(၄၅) နှစ်နှင့် ရွာသား ၁၇ ဦးတို့သည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီခန့်တွင် အဆိုပါကျေးရွာ၏ တောင်ဘက် ခြောက်မိုင်ခန့်အကွာ ပုစွန်ကန်အတွင်း စုဖွဲ့ငါးရှာပြီးနောက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဦးလောင်းပျော်မှာ တစ်ဦးတည်း ကျေးရွာသို့ ပြန်သွားခဲ့ကြောင်း၊ ညနေ ၅ နာရီခွဲခန့်တွင် ကျန်ရွာသားများမှာ ကျေးရွာသို့ ပြန်လာခဲ့ရာ ည ၇ နာရီခွဲတွင် ရောက်ရှိပြီး ဦးလောင်းပျော်မှာ ကျေးရွာသို့ ပြန်လည်ရောက်ရှိခြင်းမရှိ၍ တရိန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအိမ်စိုးမောင်က တရိန်းရဲကင်းစခန်း (မြို၊ ရခိုင်ကျေးရွာ)သို့ ဖုန်းဖြင့်အကြောင်းကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီတွင် တရိန်း(မြို) ကျေးရွာ ရဲကင်းစခန်းမှ ဒုရဲအုပ် အောင်မိုး ဦးစီးအဖွဲ့သည် မြိုတိုင်းရင်းသား ၃၀ နှင့်အတူ ရှာဖွေခဲ့ရာ ဦးလောင်းပျော်အား မျှော်ချောင်း (မြောက်)ကျေးရွာ လူသွားလမ်း အနောက်ဘက် ပေ ၁၀၀ ခန့်အကွာရှိ လယ်ကွင်း၌ ယာလက်ဖျံ၊ ချိုင်းတွင် ပြတ်ရှဒဏ်ရာ နှစ်ချက်၊ ဝမ်းဗိုက်ယာဘက်တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်နှင့် ကျားအင်္ဂါအား အရေခွံခွာထားခံရသော ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သောကြောင့် အလောင်းအား မောင်တောဆေးရုံသို့ ပို့ဆောင်ပြီး သတ်ဖြတ်သွားသူအား ကြိမ်ချောင်း နယ်မြေရဲစခန်းက (ပ) ၆၀/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (လူသတ်မှု)ဖြင့် အမှုဖွင့်စုံစမ်းလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သယ်ဆောင်လာသော လက်ကိုင်ဖုန်းများ သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လက်ကိုင်ဖုန်းများနှင့် တက်ဘလက်များ သယ်ဆောင်လာမှုအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် ဒီဇင်ဘာ ၂၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေးသို့ သွားရောက်မည့် Toyota Wish ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Wave X10 Handset (1x50U)(5) Pkgs၊ Wave Tablet (1x20U)(7)Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ခြောက်သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်းတွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ တရားမဝင်ကုန်စည်များ တားဆီးစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည် တားဆီးနိုင်ခဲ့မှု နှစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၈ ဒသမ ၈၈၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၂ ဒသမ ၅၅၅ သန်းခန့် စုစုပေါင်း တားဆီးနိုင်ခဲ့မှု ငါးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၁၁ ဒသမ ၄၃၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



ဒီဇင်ဘာ ၂၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၀၅ စီး၊ သွင်းကုန် အစီး ၁၁၅၀၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

## အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အမှတ် (၂၇)၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးချုပ်ဖွင့်လှစ်ထားရှိပြီး အောက်ပါမြို့များတွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်-

(က) နေပြည်တော်ရုံးခွဲ

(၁) ရုံးခွဲတာဝန်ခံ၊ ဒေါ်ဇူဇူရတနာဆွေ၊ ဖုန်းနံပါတ် ၀၉-၄၃၀၀၉၀၅၆

(၂) ရုံးခွဲလိပ်စာ၊ နေပြည်တော် ကောင်စီဝင်းအတွင်း ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးရုံးဝင်းအတွင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ပြည်ထောင်စုနယ်မြေ။

(ခ) မန္တလေးရုံးခွဲ

(၁) ရုံးခွဲတာဝန်ခံ၊ ဒေါ်နှင်းယုယုအောင်၊ ဖုန်းနံပါတ် ၀၉-၅၃၄၃၆၅၀

(၂) ရုံးခွဲလိပ်စာ၊ ၁၉ လမ်း၊ နန်းတော်အရှေ့ဈေးအပေါ်ထပ်၊ ဒေါ်နဘွားရပ်ကွက်၊ အောင်မြေသာဇံမြို့နယ် မန္တလေးတိုင်းဒေသကြီး။

၂။ အထက်ပါ ရုံးများမှလွဲ၍ မြန်မာနိုင်ငံအတွင်း အခြားမြို့နယ်များတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အမည်ဖြင့် ရုံးခွဲများ ဖွင့်လှစ်ထားခြင်းမရှိသေးကြောင်းနှင့် မည်သည့်ပုဂ္ဂိုလ်ကိုမျှ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားခြင်းမရှိပါသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တင်ပြအသိပေးတိုင်ကြားလိုပါက အထက်ပါရုံးခွဲများနှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ တိုက်ရိုက်ပေးပို့ အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# မူးယစ်ဆေးဝါးနှင့် ဟိုက်ဒရိုကလိုရစ်အက်ဆစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**



မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၅ နာရီခွဲတွင် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် နယ်မြေ ၂ လမ်းသွယ် ၆ ဦးကြည်တံတားအနီး၌ ရွှေမိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နယ်မြေ ၂ တွင် နေထိုင်သူ ဘသောင်းအား မော်တော်ယာဉ်နှင့်အတူ ပမ္မတီးရပ်ကွက် နယ်မြေ ၄ လမ်းကြား၌ တွေ့ရှိရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉ ပြား ကိုလည်းကောင်း၊ ၎င်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ပုလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် လက္ကျူးကျေးရွာနေ ကျော်လတ်(ခ)စုနီ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ အင်မိုးလွင်(ခ)သားမဲအား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၆ ပြားနှင့် ငွေကျပ် ၄၅၀၀၀၀ တို့ကို လည်းကောင်း။

အလားတူ ည ၁၀ နာရီခွဲခန့်တွင် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းနှင့် ၄ပြာလမ်းထောင့်တွင် စိုးသူ မောင်းနှင်ပြီး ကျော်ဦးနှင့် မိုးလင်းတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းကွင်းလမ်းတွင် ကုဋ္ဌေဋ္ဌေး မောင်းနှင်ပြီး ဇော်ထွန်းနှင့် ညီညီတို့ လိုက်ပါလာသည့် ၁၂ ဘီး မော်တော်ယာဉ်ကိုရှာဖွေရာ ဟိုက်ဒရိုကလိုရစ် အက်ဆစ်အရည် ပလတ်စတစ်ပီပါ ၅၁ လုံး (ဟိုက်ဒရိုကလိုရစ်အက်ဆစ် အရည်လီတာ ၁၀၂၀၀)နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘို ကားလမ်းဘေးရှိ ဆောက်တောဝ ကျေးရွာ အမှတ် ၂၅၆ ရှိ ခြံဝင်းကို ရှာဖွေရာ ခြံစောင့် ကြည်ဝင်းနှင့် ဇော်မျိုးထွန်း(ခ)တရုတ်ကြီးတို့ကို တွေ့ရှိရပြီး ခြံဝင်းရှိဂိုဒေါင်အတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်ဆစ် အရည်ပါ ပလတ်စတစ်ပီပါ သုံးလုံး( ဟိုက်ဒရိုကလိုရစ် အက်ဆစ် လီတာ ၅၄၀)နှင့် မော်တော်ဆိုင်ကယ် ခုနစ်စီးတို့ကို လည်းကောင်း **(ဝပုံ)**ထပ်မံသိမ်းဆည်း ရမိခဲ့သည်။

ထို့အတူ ဒီဇင်ဘာ ၂၇ ရက် ည ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် မောင်နီကျေးရွာနေ အဒူဟာရှိန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဂျော်မိန်စတန်၊ ဖေရဒူ၊ အဒူဖာရိမ်နှင့် ရာရှာကာမာတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀ နှင့် နေအိမ်အနောက်ခန်းမှ ဆေးခြောက် ၁၄၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်လေးပင်မြို့၌ တရားမဝင် ပျဉ်းကတိုးခွဲသား သုံးတန်ခန့် သိမ်းဆည်းရမိ

**ညောင်လေးပင် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ ၅ ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေး စက်သုံးဆီဆိုင်အနီး ဒီဇင်ဘာ ၂၇ ရက် ည ၉ နာရီက ရပ်ထားသော ကားပေါ်၌ တရားမဝင် ပျဉ်းကတိုးခွဲသားဆိုဒ်စုံ သုံးတန်ခန့် သိမ်းဆည်းရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် မြို့မ ၅ ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၉၉/၆ အနီး၌ တရားမဝင်သစ်များသယ်ဆောင်လာကြောင်း သတင်းအရ ညောင်လေးပင်မြို့နယ် သစ်တောဦးစီးမှူး ဦးသူရအောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ဦးမျိုးလွင် မောင်းနှင်လာသော FOTON အမျိုးအစား 5E --- ခြောက်ဘီး အဖြူရောင်ယာဉ်မှာ ရပ်ထားပြီး ယာဉ်ပေါ်၌ ပျဉ်းကတိုးခွဲသား ဆိုဒ်စုံ ၄၉၃ ချောင်း (၂ ဒသမ ၉၇၂၀ တန်) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၈၃၂၀၀ ခန့်အား သိမ်းဆည်းရမိခဲ့သည်။ သို့ပါ၍ ယာဉ်မောင်း မျိုးလွင်အား ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနမှ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မိုးကောင်းမြို့နယ် ဘုရားပွဲ၌ လောင်းကစားဒိုင်များ ဖမ်းဆီး

**မိုးကောင်း ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင့်သာကျေးရွာ ဗောဓိကုန်းစေတီ ဘုရားပွဲတွင် လောင်းကစားမှုပြုနေကြောင်း သတင်းအရ ဒီဇင်ဘာ ၂၇ ရက် ည ၁၀ နာရီတွင် မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ခြောက်ကောင်ခုံ နိုင်ငံခြားဘောလုံးသမားပုံများ ရိုက်နှိပ်ထားသည့် ဆတိုးလျော်စက် ပန်းခုံရှမ်းကိုးမီးခုံ၊ ငါးရှဉ့်လျှောဖားပါ သစ်သား အန်စာတုံးခုံများကို သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လောင်းကစားဒိုင် ပြုလုပ်သူ ဦးစိုးမင်းထွန်း(၃၀)နှစ်၊ ဦးဇော်သက်ထွေး(၂၇)နှစ်၊ ဦးမျိုးဇော်သိန်း (၂၅)နှစ်၊ ဒေါ်ဝင်းဝင်းမေ(၂၈)နှစ်၊ မျိုးထက်(ခ)ဝတုတ်(၃၈)နှစ်နှင့် ဖိုးလပြည့်(၂၅)နှစ်တို့ကို ပင်းဘောနယ်မြေရဲစခန်းက အရေးယူထားကြောင်းသိရသည်။

**မင်းမင်းဦး**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး မုံရွာအကျဉ်းထောင်အား စစ်ဆေး

**မုံရွာ ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းသည် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇ နှင့်အညီ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မုံရွာအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြစ်ဒဏ်ကျခံရသူများ၏ အဆောင်များနှင့် စားဖိုဆောင်များတွင် သန့်ရှင်းစွာထားရှိမှု ရှိမရှိ၊ သက်သာချောင်ချိမှု ရှိမရှိ၊ ဆေးကုသရန်အခွင့်အရေး ရှိမရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိမရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိခြင်း ရှိမရှိတို့ကို မေးမြန်းစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မုံရွာအကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးခင်မောင်ထွန်းတို့က အကျဉ်းသူ အကျဉ်းသားများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သောက်သုံးရေရရှိမှုအခြေအနေများနှင့် စာပေဗဟုသုတလေ့လာနိုင်ရန် စာကြည့်တိုက်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဖြူးမြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ဖြူး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း မီးဘေးအန္တရာယ် မကျရောက်စေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ဒီဇင်ဘာလအတွင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ မီးသတ်ရေကန်များအား မီးသတ်ယာဉ်များဖြင့် ရေပြန်လည်ဖြည့်တင်းခြင်း၊ ကျောင်းများ၊ ရုံးဌာနများ၊ ဈေးများတွင် မီးသတိမူရေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြခြင်း၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများနှင့် လူနေအိမ်များအား လိုက်လံစစ်ဆေးအကြံပြုခြင်း၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ယာဉ်ဖြင့် လှည့်လည်ကြေညာခြင်း၊ မော်တော်ဆိုင်ကယ်လှည့်ကင်းများဖြင့် မြို့တွင်းလှည့်လည်၍ မီးသတိပေးဆော်သြခြင်းများ အဆက်မပြတ်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**



# ဗန်ဒိုက်အတွက် ကမ္ဘာ့စံချိန်တင်ကြေး သုံးစွဲလိုက်သည့် လီဗာပူး

ဆောက်သမ်တန်ဗဟိုနောက်ခံလူ ဗန်ဒိုက်မှာ စျေးကွက် ပြန်လည်ဖွင့်လှစ်မည့် ဇန်နဝါရီ ၁ ရက်တွင် လီဗာပူးသို့ ပေါင် ၇၅ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ရာ ယင်းပမာဏမှာ နောက်ခံကစားသမားတစ်ဦးအတွက် အမြင့်ဆုံး တန်ဖိုးပေးချေရမှုအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။လီဗာပူးအသင်းက ဗန်ဒိုက်အတွက် ပေါင် ၇၅ သန်းအထိ အသုံးပြုခဲ့ရာ ခံစစ်ကစားသမားတစ်ဦးအတွက် ကမ္ဘာ့တန်ဖိုးအကြီးဆုံးအဖြစ် မှတ်တမ်းဝင်ထားသူ နောက်ခံလူ မန်ဒီ၏ ပေါင် ၅၂ သန်းတန် အပြောင်းအရွှေ့ထက် ပိုမိုတန်ဖိုးကြီးသည့် အပြောင်းအရွှေ့လည်း ဖြစ်လာခဲ့သည်။

ဗန်ဒိုက်မှာ ဆောက်သမ်တန်အသင်းကို လီဗာပူးထံသို့ ပြောင်းရွှေ့ခွင့်ပေးရန် ပြီးခဲ့သည့် နွေစျေးကွက်အတွင်းကပင် တောင်းဆိုခဲ့သူဖြစ်သည်။ သို့သော် လီဗာပူးအသင်းက ဗန်ဒိုက်နှင့် ချိတ်ဆက်မှုတွင် နားလည်မှုလွဲမှားခြင်းများရှိခဲ့သည်ဟု တရားဝင်တောင်းပန်မှုပြုခဲ့အပြီးတွင် အပြောင်းအရွှေ့မှာလည်း အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၆ နှစ် ဗန်ဒိုက်ကို ဥရောပထိပ်တန်းအသင်းများစွာကခေါ်ယူရန် ချိတ်ဆက်ခဲ့သော်လည်း ကာယကံရှင်ကမူ လီဗာပူးကိုသာ ပြောင်းရွှေ့လိုသည်ဟု ထုတ်ဖော်ပြောကြားခဲ့ဖူးသူဖြစ်သည်။

ဗန်ဒိုက်က လီဗာပူးသို့ ပြောင်းရွှေ့ခွင့်ရခြင်းက ဂုဏ်ယူစရာကိစ္စရပ်ဖြစ်ပြီး ပြီးခဲ့သည့်လများအတွင်းက စိန့်မေရီ(ဆောက်သမ်တန်)တွင် အခက်အခဲများကြုံတွေ့ခဲ့ရကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။ ဗန်ဒိုက်သည် ဆောက်သမ်တန်က စပါးကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော ပွဲစဉ်မှာကတည်းက စိန့်မှ ထွက်ခွာသွားခဲ့သည်။

ဆောက်သမ်တန်က ဗန်ဒိုက်အတွက် ပေါင် ၇၅ သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံလိုက်ပြီဖြစ်ကြောင်း ကြေညာအပြီးတွင် အင်္ဂလန်ကစားသမားဟောင်း အလန်ရှီးယားက ဗန်ဒိုက်မှာ ပေါင် ၇၅ သန်းမတန်သည့် ကစားသမားဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ ဗန်ဒိုက်သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ဆဲလ်တစ်မှ ဆောက်သမ်တန်သို့ ပေါင် ၁၃ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်ကပင် ခြောက်နှစ်စာချုပ်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။

ပြီးခဲ့သည့် နွေစျေးကွက် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် တောင်းဆိုခဲ့မှုကြောင့် နည်းပြ ပယ်လီဂရီနိုက သူ့ကိုတစ်ဦးတည်းလေ့ကျင့်စေခြင်းဖြင့် ဖိအားပေးခဲ့သည်။ သို့သော် စက်တင်ဘာလအတွင်း ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ပထမအသင်းကြီး၌ ပြန်လည်ပါဝင်လာနိုင်ခဲ့သည်။ ဗန်ဒိုက်၏ ကလပ်အသင်းဟောင်း ဆဲလ်တစ်မှာလည်း အဆိုပါ အပြောင်းအရွှေ့အတွက် ၁၀ ရာခိုင်နှုန်း အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်။ ဗန်ဒိုက်မှာ ဇန်နဝါရီ ၁ရက်ကတည်းက လီဗာပူးနှင့် ပူးပေါင်းမည်ဖြစ်သော်လည်း အပြီးသတ် မှတ်ပုံတင်ခြင်းကိစ္စ မပြီးပြတ်နိုင်သေးသည့်အတွက် ဇန်နဝါရီ ၂ ရက်တွင် ကစားမည့် ဘန်လေနှင့် ပွဲစဉ်အထိ လီဗာပူးအတွက် ပါဝင်ကစားနိုင်ရန် အလားအလာရှိမည် မဟုတ်ပေ။

လီဗာပူးက ဗန်ဒိုက်အနေဖြင့် ကျောနံပါတ် ၄ ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ လီဗာပူးသည် ဗန်ဒိုက်အပြင် လိုက်ပ်ဇစ် ကွင်းလယ်လူ နေဘီကီတာကိုလည်း ပေါင် ၄၈ သန်းဖြင့် လာမည့်နွေစျေးကွက်အတွင်း ခေါ်ယူရန် သဘောတူညီချက် ရရှိခဲ့သည်။

### ဂျို့စ်ဖောင်တီ၏ မှတ်ချက်စကား

ဗန်ဒိုက်က လီဗာပူးဂျာစီကို ကိုင်ထားသည့် ပုံကို အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့ရာ ဗန်ဒိုက်၏ အသင်းဖော်ဟောင်း ဂျို့စ်ဖောင်တီ ဝင်ရောက်ရေးသားသော မှတ်ချက်ကြောင့် စိန့်ပရိသတ်များကို ခံရခက်စေခဲ့သည်။ လာမည့် သုံးနှစ်ခွဲကာလအတွင်း ဆောက်သမ်တန် ကစားသမား ခုနစ်ဦးလောက်မှာ စိန့်ကနေ မာဆေးဆိုက်အသင်းကို ပြောင်းရွှေ့နိုင်ပြီး ရှိုင်ယန်ဘားထရန့်မှာ ဗန်ဒိုက်နောက် လီဗာပူးအသင်းသို့ ပြောင်းရွှေ့နိုင်သည့် နောက်ထပ် စိန့်ကစားသမားဖြစ်ကြောင်း ဖောင်တီက ရေးသားခဲ့ခြင်းဖြစ်သည်။ ဖောင်တီသည်လည်း ပြီးခဲ့သည့် ဇန်နဝါရီစျေးကွက်အတွင်းတွင် စိန့်မှ ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး ဘားထရန့်လည်း အသင်းပြောင်းနိုင်သည်ဟူသော မှတ်ချက်က စိန့်ပရိသတ်များကို ခံရခက်စေခဲ့သည်။

### ကမ္ဘာ့တန်ဖိုးအကြီးဆုံး နောက်ခံလူ

လီဗာပူးအသင်းက ဗန်ဒိုက်ကို ယခုလို ပေါင် ၇၅သန်းဖြင့် ခေါ်ယူခံရခြင်းကြောင့် ပြီးခဲ့သည့်နွေစျေးကွက်က နောက်ခံလူတစ်ဦးအတွက် ကမ္ဘာ့စံချိန်တင်ကြေးအဖြစ် မှတ်တမ်းဝင်ထားသူ မန်ဒီကို နောက်ကောက်ချကာ ကမ္ဘာ့တန်ဖိုးအကြီးဆုံး ခံစစ်ကစားသမားလည်း ဖြစ်လာခဲ့သည်။



### ကမ္ဘာ့တန်ဖိုးအကြီးဆုံး နောက်ခံလူများ

| အမည် | တန်ဖိုး | မှ | သို့ |
|---|---|---|---|
| ဗာဂေးဗန်ဒိုက် | ပေါင် ၇၅ သန်း | ဆောက်သမ်တန် | လီဗာပူး |
| ဘင်ဂျမင်မန်ဒီ | ပေါင် ၅၂ သန်း | မိုနာကို | မန်စီးတီး |
| ဝေါ်လ်ကာ | ပေါင် ၅၀ သန်း | စပါး | မန်စီးတီး |
| ဒေးဗစ်လုဇ် | ပေါင် ၅၀ သန်း | ချယ်လ်ဆီး | ပီအက်စ်ဂျီ |
| ဂျွန်စတုန်း | ပေါင် ၅၀ သန်း | အဲဗာတန် | မန်စီးတီး |



## ကွန်ပနီ၏ ဒဏ်ရာကို မန်စီးတီး စောင့်ကြည့်နေရဆဲဖြစ်

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီမှာ နယူးကာဆယ်နှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၁၁ မိနစ်မှာပင် လူစားလဲခဲ့ရပြီး ကွန်ပနီ၏ ဒဏ်ရာအခြေအနေကို စောင့်ကြည့်နေရဆဲဖြစ်ကြောင်း နည်းပြ ဂွါဒီယိုလာက အတည်ပြုခဲ့သည်။ ဂွါဒီယိုလာက " ဘာတွေဆက်ဖြစ်နိုင်မလဲဆိုတာ ကျွန်တော်မသိပါဘူး၊ ကံမကောင်းစွာပဲ သူဒဏ်ရာ ထပ်ရသွားပြန်ပါပြီ"ဟု ကွန်ပနီ၏ ဒဏ်ရာအခြေအနေအပေါ် မတင်မကျပင် အဖြေပေးခဲ့သည်။

ကွန်ပနီသည် ဒီဇင်ဘာ ၂၃ ရက် ဘုန်းမောက်ကို လေးဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည့် ပွဲတွင် မန်စီးတီးအတွက် ပြန်လည်ကစားနိုင်ခဲ့သော်လည်း ဒီဇင်ဘာ ၂၇ ရက်က နယူးကာဆယ်နှင့်ပွဲတွင် ဒဏ်ရာထပ်မံ ကြုံတွေ့ရခြင်းဖြစ်သည်။ ဒီဇင်ဘာ ၁၀ ရက် မန်ယူအသင်းကို အနိုင်ယူခဲ့သည့် မန်ချက်စတာ ဒါဘီတွင် ဒဏ်ရာပြဿနာကြောင့် လူစားလဲခဲ့ရသလို ယခုလည်း ရက်ပိုင်းအတွင်းမှာပင် ဒဏ်ရာပြဿနာ ခပ်စိတ်စိတ် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

နယူးကာဆယ်နှင့်ပွဲအပြီးတွင် "ကျွန်တော်တို့ သူကို အချိန်အကြာကြီး မဆုံးရှုံးရဖို့သာ မျှော်လင့်နေရတာပါ" ဟု ဂွါဒီယိုလာက ဆိုခဲ့သည်။ ဘယ်လ်ဂျီယံလက်ရွေးစင် ကွန်ပနီမှာ မန်စီးတီးအတွက် ၂၀၀၈ ခုနှစ်ကတည်းက ကစားပေးခဲ့သူဖြစ်ပြီး ယခုနောက်ပိုင်း ရာသီများတွင် ဒဏ်ရာပြဿနာ ကြုံတွေ့လာရခြင်းဖြစ်သည်။ ကွန်ပနီမှာ နိုင်ငံလက်ရွေးစင်အသင်းနှင့် ပူးပေါင်းခဲ့သည့် ကာလအတွင်း ဒဏ်ရာရရှိခဲ့ရာ ရာသီအစပွဲစဉ်များကို လွဲချော်ခဲ့ရပြီးဖြစ်သည်။ ကွန်ပနီ ဒဏ်ရာရရှိသွားသည့်နေ့မှာပင် လီဗာပူးအသင်းက ဆောက်သမ်တန်နောက်ခံလူ ဗန်ဒိုက်ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီချက် ရရှိခဲ့သည်။

မေလွဲ့သင်း - ရေးသားသည်

## အကောင်းဆုံးခြေစွမ်းကို ပြန်ရနေပြီလို့ ကြွေးကြော်လိုက်တဲ့ ဂျက်ဝီရှိုင်းယား



အာဆင်နယ်ကွင်းလယ်လူ ဂျက်ဝီရှိုင်းယားက သူ့အနေနဲ့ အကောင်းဆုံးခြေစွမ်းကို ပြန်လည်ရလုနီးပါးဖြစ်နေပြီလို့ ထုတ်ဖော်ပြောကြားလိုက်ခြင်းအားဖြင့် အာဆင်နယ်အတွက် ယခုထက် ပိုမိုပွဲထွက်ခွင့်နဲ့ အင်္ဂလန်အသင်းနဲ့အတူ ၂၀၁၈ ကမ္ဘာ့ဖလား ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် သက်ဆိုင်ရာနည်းပြတွေကို တပ်လှန့်လိုက်ပါတယ်။ ဝီရှိုင်းယားကို အစောပိုင်းက ဝင်းဂါးက ယူရိုပါလိဂ်လို ပြိုင်ပွဲတွေအတွက်ပဲ အသုံးပြုခဲ့ပေမယ့် လိဂ်နောက်ဆုံးသုံးပွဲမှာတော့ ပြန်လည်ကစားခွင့်ပေးခဲ့သလို ဝီရှိုင်းယားကို စာချုပ်သက်တမ်းတိုးမယ်လို့လည်း ထုတ်ဖော်ပြောကြားထားပြီး ဖြစ်ပါတယ်။ ဝီရှိုင်းယားက " ကျွန်တော်က ခုချိန်မှာ အကောင်းဆုံးဆိုတဲ့အချိန်တွေကို ပြန်ရောက်လုနီးပါးဖြစ်နေပါပြီ၊ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာတယ်လို့ ခံစားရပါတယ်"လို့ ဆိုခဲ့တာကြောင့် ဒါဟာ အာဆင်နယ်နဲ့ စာချုပ်သက်တမ်းတိုးမယ်ဆိုတာ အချက်ပြလိုက်တာလို့ ကောက်ချက်ဆွဲမှုတွေလည်း ရှိနေပါတယ်။

## သွင်းဂိုးမှတ်တမ်းထက် ဆုဖလားတွေကိုသာ ဟယ်ရီကိန်း အလိုရှိ

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ၂၀၁၇ ခုနှစ်အတွင်း ပရီမီယာလိဂ်ရဲ့ သွင်းဂိုးအများဆုံးကစားသမားအဖြစ် သာမက ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ဥရောပရဲ့ သွင်းဂိုးအများဆုံး တိုက်စစ်မှူးဆိုတဲ့ မှတ်တမ်းကိုပါ တစ်ပြိုင်နက်တည်း ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် ကိန်းက "ဆုဖလားတွေကိုသာ ရလိုတယ်လို့ ကျွန်တော်အမြဲ ပြောခဲ့ပါတယ်၊ ကျွန်တော်တို့ အက်ဖ်အေဖလား ရနိုင်ခြေရှိတယ်၊



ချန်ပီယံလိဂ်မှာ အကောင်းဆုံးဆိုတဲ့ အသင်းကို အနိုင်ရခဲ့တယ်၊ ပရီမီယာလိဂ်မှာ ထိပ်ဆုံးလေးနေရာအတွက် ကျွန်တော်တို့ တိုက်ပွဲဝင်နိုင်ခဲ့ပြီး ဘယ်လောက်မြင့်မားတဲ့ အဆင့်အထိ ကျွန်တော်တို့ ရောက်နိုင်မလဲ။

"ဒီထက်အများကြီး ကစားနိုင်ဖို့၊ ပြီးတော့ ဆုဖလားတွေ ရရှိနိုင်ဖို့က ကျွန်တော့်ရဲ့ ရည်မှန်းချက်ပါ"လို့ ဆိုခဲ့ပါတယ်။ ဟယ်ရီကိန်းဟာ ၂၀၁၇ ခုနှစ်အတွင်း ကလပ်အသင်းနဲ့ နိုင်ငံလက်ရွေးစင်အသင်းအတွက် သွင်းဂိုး ၅၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး မက်ဆီထက် နှစ်ဂိုးတောင် ပိုသွင်းနိုင်ခဲ့ပါတယ်။

## တစ်ဂိုးသွင်းရုံနဲ့ ပေါင် နှစ်သောင်းဆုကြေးထပ်ရခဲ့တဲ့ ဖာမီနို

လီဗာပူးတိုက်စစ်မှူး ဖာမီနိုဟာ ဘောက်ဆင်ဒေး ဆွမ်ဆီးအသင်းကို အနိုင်ရတဲ့ ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီး ဒီနှစ်ဂိုးအနက် တစ်ဂိုးက သူ့ကို ဆုကြေးပေါင် နှစ်သောင်း ထပ်တိုးခံစားခွင့် ရစေခဲ့ပါတယ်။ ဖာမီနိုဟာ ဆွမ်ဆီးနဲ့ ပွဲမှာ ယခုနှစ် ဘောလုံးရာသီ သူ့အတွက် ၁၅ ဂိုးနဲ့ ၁၆ ဂိုးအဖြစ် သွင်းယူနိုင်ခဲ့တာပါ။ ဖာမီနိုနဲ့ လီဗာပူးတို့ ချုပ်ဆိုထားတဲ့ စာချုပ်ထဲမှာ တစ်ဂိုးကနေ ငါးဂိုးအထိ သွင်းယူနိုင်ရင် ဆုကြေးပေါင် နှစ်သောင်းခွဲ၊ ခြောက်ဂိုးကနေ ၁၀ ဂိုးအတွက် ပေါင် လေးသောင်းခွဲ၊ ၁၁ ဂိုးကနေ ၁၅ ဂိုးအတွက် ပေါင် ခြောက်သောင်းခွဲ၊ ၁၆ ဂိုးသွင်းကနေစပြီး



ပေါင် ရှစ်သောင်းခွဲ ဆုကြေးရမှာဖြစ်တာကြောင့် ဖာမီနိုရဲ့ ဒုတိယဂိုးဟာ သူ့ကို ပေါင် နှစ်သောင်း ဆုကြေးရရှိစေခဲ့ပါတယ်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၂) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာတစ်ဦးက ကြေညာသည့်အကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့်

(၃) ပုဒ်မ ၁၈၇ အရ ဒါရိုက်တာတစ်ဦးထံသို့ ပေးအပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်။

(ခ) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာနှင့် အတွင်းရေးမှူးတစ်ဦးစီသည် ပုဒ်မခွဲ (က) အရ ထိန်းသိမ်းထားရှိရသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြရန် လိုအပ်သည့် အချက်အလက်များကို ကုမ္ပဏီသို့ ပေးအပ်ရမည်။

(ဂ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ ဆောင်ရွက်သော နှစ်စဉ်အစီရင်ခံစာအား တင်ပြရန် တာဝန်၏ တစ်စိတ်တစ်ဒေသအဖြစ် အဆိုပါ မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော အကြောင်းအရာများပါဝင်သည့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် နှစ်စဉ်အစီရင်ခံစာအား မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရမည်။ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင်ဖော်ပြပါရှိသော ဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများနှင့် အတွင်းရေးမှူးများ ပြောင်းလဲခြင်း သို့မဟုတ် အချက်အလက်တစ်ရပ်ရပ် ပြောင်းလဲခြင်းများအတွက် ထိုသို့ပြောင်းလဲသည့်နေ့မှ ၂၈ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းကို ရုံးလုပ်ငန်း အချိန်ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်ဖြစ်ပြီး အခြားသူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုကို စစ်ဆေးမှုတစ်ရပ်အတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော ငွေပမာဏတစ်ရပ်ကို ပေးသွင်းစေလျက် ခွင့်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန်နှစ်နာရီ အောက်မနည်းသော ကာလကို ခွင့်ပြုရန် သတ်မှတ်နိုင်သည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် တရားရုံးသည် စစ်ဆေးမှုအတွက် ငြင်းပယ်ခံရသူ၏ လျှောက်ထားချက်နှင့် ကုမ္ပဏီ၏ အကြောင်းကြားချက်တို့အရ မှတ်တမ်းကို ချက်ချင်းစစ်ဆေးဆောင်ရွက်မှု ပြုလုပ်စေရန် အမိန့်တစ်ရပ် ချမှတ်၍ ညွှန်ကြားနိုင်သည်။

**ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း**

**ဤအခန်းတွင်ပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်မှုအတွက် အကျိုးဆက်များ**

၁၉၀။(က) အခန်း (၁၈) ၏ ပုဒ်မတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် အဆိုပါပျက်ကွက်မှုတွင် ပတ်သက်သော ဒါရိုက်တာအားလုံး သို့မဟုတ် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျိုးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အား ကန့်သတ်ခြင်းမရှိစေဘဲပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သော ဒါရိုက်တာအားလုံး သို့မဟုတ် ဤအခန်းပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ် တစ်ဦးဦးကို အောက်ပါအတိုင်း ပြုလုပ်ရမည် -

(၁) ပျက်ကွက်မှုတွင် ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မရိုးသားမှုများပါဝင်ခဲ့လျှင် ဤဥပဒေအရ တရားရုံးက သီးခြားပြစ်ဒဏ်ချမှတ်နိုင်သည်။

(၂) မှတ်ပုံတင်အရာရှိက လျှောက်ထားတင်ပြလာလျှင်တရားရုံးက သတ်မှတ်သည့် ကာလအတွင်း ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် အခြားအရာရှိအဖြစ် ဆောင်ရွက်ရန် တားမြစ်နိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒါရိုက်တာများ၊ ဤအခန်း၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ အခြားသော တာဝန်ရှိမှု တစ်ရပ်ရပ်ကို ဖြစ်စေ၊ အောက်တွင်ဖော်ပြပါရှိသော ပုဒ်မ ၁၉၃ နှင့် ၂၀၀ တို့ပါ ပြဋ္ဌာန်းချက်များ အပါအဝင် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးက ၎င်းတို့အပေါ် တရားစွဲဆိုဆောင်ရွက်မှု တစ်ရပ်ရပ်ကိုဖြစ်စေ ကန့်သတ်ထားခြင်းမရှိစေရ။

**သတင်းအချက်အလက်များ သို့မဟုတ် အကြံဉာဏ်များအပေါ် ယုံကြည်အားထားခြင်း**

၁၉၁။(က) ဒါရိုက်တာတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်အရ တာဝန်တစ်ရပ်ရပ် သို့မဟုတ် အလားတူ ဥပဒေအရ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု ပြုသည်မပြုသည်ကို ဆုံးဖြတ်နိုင်ရန်အတွက်ပြုလုပ်သော တရားစွဲဆိုဆောင်ရွက်မှုများတွင် သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှ ယုံကြည်အားထားမှုမှာ လျော်ကန်မှုရှိကြောင်း ပေါ်ပေါက်လျှင် အောက်ပါကိစ္စရပ်များ ဖြစ်ပေါ်ပါက ထိုသို့သော သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှယုံကြည်အားထားမှုမှာ လျော်ကန်မှုရှိသည်ဟု သတ်မှတ်ရမည်-

(၁) သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို အောက်ပါ ပုဂ္ဂိုလ်များကပေးလျှင် သို့မဟုတ် ပြုစုခဲ့လျှင် -

(ကက) သက်ဆိုင်ရာကိစ္စရပ်အတွက် ယုံကြည်အားထားရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိပြီးအရည်အချင်းပြည့်ဝကြောင်း ဒါရိုက်တာက ယုံကြည်သည့် ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦး သို့မဟုတ်

(ခခ) လုပ်ငန်းကျွမ်းကျင်မှု သို့မဟုတ် အရည်အချင်းပြည့်ဝမှုရှိကြောင်း ဒါရိုက်တာက ယုံကြည်ရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိသော သက်ဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်းသည့် အတတ်ပညာဆိုင်ရာ အကြံပေး သို့မဟုတ် ကျွမ်းကျင်သူတစ်ဦးဦး သို့မဟုတ်

(ဂဂ) ဒါရိုက်တာ သို့မဟုတ် အရာရှိတို့၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များနှင့် ဆက်စပ်သည့် အခြား ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ်

(ဃဃ) အဆိုပါဒါရိုက်တာ မပါဝင်သည့် ဒါရိုက်တာများ၏ ကော်မတီတစ်ရပ်ရပ်၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များကို ဆောင်ရွက်နေသည့် ကော်မတီနှင့်

(၂) ဒါရိုက်တာများ၏ ကုမ္ပဏီ နှင့်စပ်လျဉ်း၍ သိရှိနားလည်မှု၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများ ခက်ခဲနက်နဲမှုတို့အပါအဝင် သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို လွတ်လပ်သော လေ့လာအကဲဖြတ်မှုပြုပြီးနောက် ယုံကြည်အားထားမှုကို သဘောရိုးဖြင့် ပြုလုပ်ခဲ့လျှင်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် မှတ်ယူဆောင်ရွက်ခြင်းများကို ချေပနိုင်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆို၍ မမှန်ကန်ကြောင်း ပြဆိုနိုင်သည်။

**အခန်း (၁၉)**

**ကုမ္ပဏီတွင်ပါဝင်သူများ၏ အခွင့်အရေးနှင့် ကုစားခွင့်များ**

**တရားမျှတမှုမရှိသော ကိစ္စရပ်များတွင် ကုမ္ပဏီတွင်**

**ပါဝင်သူများနှင့်အခြားသူများ၏ တရားစွဲဆို ဆောင်ရွက်မှုများ**

**တရားမျှတမှုမရှိသော လုပ်ငန်းဆောင်ရွက်မှုများ**

၁၉၂။အကယ်၍ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့်သက်ဆိုင်သော ဆောင်ရွက်မှု သို့မဟုတ် ကုမ္ပဏီက ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ အမှန်တကယ်ဆောင်ရွက်မှု သို့မဟုတ် အဆိုပြုထားသော ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူအမျိုးအစားတစ်ရပ်တွင် ပါရှိသောသူများက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အဆိုပြုသော ဆုံးဖြတ်ချက်တို့သည် အောက်ပါတို့အနက်မှ တစ်ရပ်ရပ်ကိုဖြစ်ပေါ်စေခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ်ချမှတ်နိုင်သည်-

(က) ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၏ အကျိုးခံစားခွင့်နှင့် ဆန့်ကျင်ခြင်း၊

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ပါဝင်သူရာထူးနေရာတွင်သော်လည်းကောင်း၊ အခြားရာထူးနေရာတွင်သော်လည်းကောင်း ၎င်းတို့အပေါ် မတရားဖြစ်စေခြင်း၊ မမျှမတ ဖြစ်စေခြင်း သို့မဟုတ် မတရားသဖြင့် ခွဲခြားပြုမူခြင်း။

ဤအခန်းပါကိစ္စရပ်များအတွက် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် သတ်မှတ်ရမည်။

**တရားရုံးက ချမှတ်နိုင်သည့်အမိန့်များ**

၁၉၃။(က) တရားရုံးသည် ဤပုဒ်မအရ အောက်ပါအမိန့်တစ်ရပ်ရပ် အပါအဝင် ကုမ္ပဏီနှင့်စပ်လျဉ်း၍ သင့်လျော်သည်ဟု ၎င်းမှ ထင်မြင်လျှင် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

(၂) ကုမ္ပဏီ၏လက်ရှိဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်၊

(၃) နောင်တွင်ဆောင်ရွက်မည့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များအတွက် စည်းကမ်းချက်များ သတ်မှတ်ရန်၊

(၄) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးက အစုရှယ်ယာတစ်ရပ်ရပ်ကို ဝယ်ယူရန်၊

(၅) ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအား သင့်လျော်သည့် ပမာဏကို လျှော့ချခြင်းဖြင့် အစုရှယ်ယာများကို ဝယ်ယူရန်၊

(၆) ကုမ္ပဏီအတွက် တရားစွဲဆိုမှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်၊

(၇) ကုမ္ပဏီ၏ အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စား တရားစွဲဆိုမှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာ တစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန်၊

(၈) ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် အားလုံးအတွက် ပစ္စည်းလက်ခံထိန်းသိမ်းသူ (receiver) တစ်ဦးအား ခန့်အပ်ရန်၊

(၉) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် အပြုအမူကို ပြုမူစေခြင်း သို့မဟုတ် ပြုလုပ်စေခြင်းမှ ရှောင်ကြဉ်စေရန်၊

(၁၀) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်စေရန်။

(၁၁) နစ်နာကြေးများ ပေးလျော်ရန်။

(ခ) ဤပုဒ်မအရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်ခဲ့လျှင် ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လိုအပ်သလို ပြောင်းလဲပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်များအားလိုက်နာရမည်။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ခဲ့လျှင် အမိန့်၌ ထိုသို့ဆောင်ရွက်ခွင့်ပြုထားခြင်းမရှိလျှင် ဖြစ်စေ သို့မဟုတ် ကုမ္ပဏီသည် တရားရုံး၏ခွင့်ပြုမှုကို ဦးစွာရယူထားခြင်းမရှိလျှင် ဖြစ်စေ အဆိုပါပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသည် အမိန့်တွင်ပါရှိသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိလျှင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်အတွက် ပုဒ်မ ၁၇ အရ လုပ်ပိုင်ခွင့်မရှိ။

**တရားရုံးအမိန့်တစ်ရပ်အတွက် လျှောက်ထားခြင်း**

၁၉၄။ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားမှုကို အောက်ပါပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည်-

(က) လျှောက်ထားမှုသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆန့်ကျင်သည့် ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော်လည်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး -

(၁) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှတစ်ပါး အခြားရာထူးနေရာတစ်ခုခုတွင် ဆောင်ရွက်နေသော ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ်

(၂) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် ၎င်းတို့၏ ရာထူးနေရာတွင် ဆောင်ရွက်နေသောကုမ္ပဏီတွင်ပါဝင်သော အခြားသူများ။

(ခ) မတည်ငွေရင်း ရွေးချယ်လျှော့ချခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားခံရသူ၊

(ဂ) လျှောက်ထားမှုသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခြေအနေနှင့် သက်ဆိုင်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခံရသူ၊

(ဃ) ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(င) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်သော ကိစ္စရပ်များအား စုံစမ်းစစ်ဆေးနေသည့် သို့မဟုတ် စုံစမ်းစစ်ဆေးပြီးသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ သင့်လျော်သည်ဟု ထင်မြင်ယူဆသူတစ်ဦးဦး။

**ချမှတ်သည့်အမိန့်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရန် လိုအပ်ခြင်း**

၁၉၅။ပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်အား ချမှတ်ခဲ့လျှင် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ ၂၁ ရက်အတွင်း ယင်းအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

**ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်မှုများ**

**ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်း**

၁၉၆။(က) ကုမ္ပဏီကိုယ်စား တာဝန်ယူဆောင်ရွက်ရန်အတွက် သို့မဟုတ် အဆိုပါတရားစွဲဆိုမှုများတွင် စေ့စပ်ညှိနှိုင်းခြင်း သို့မဟုတ် ဖြေရှင်းဆောင်ရွက်ခြင်းကဲ့သို့ လိုအပ်သည့် ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန်အတွက် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိထားသည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်နိုင်သည် သို့မဟုတ် ကုမ္ပဏီမှ အမှုသည်အဖြစ်ပါဝင်သော တရားစွဲဆိုမှုတစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member)သို့မဟုတ် ယင်းတို့တွင် ပါဝင်သူတစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ (former officer) ဖြစ်ရမည်။

(ခ) ကုမ္ပဏီကိုယ်စား ဆောင်ရွက်သည့် တရားစွဲဆိုမှုများကို ကုမ္ပဏီ၏အမည်ဖြင့် စွဲဆိုဆောင်ရွက်ရမည်။

(ဂ) ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ရန် သို့မဟုတ် ကြားဝင်ဆောင်ရွက်ရန် အခြား ဥပဒေတစ်ရပ်ရပ်၌ ဖော်ပြထားသည့်ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ပယ်ဖျက်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ အားကစားပြိုင်ပွဲဖွင့်



**နေပြည်တော် ဒီဇင်ဘာ ၂၈**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာ့အားကစား အစဉ်အမြဲတိုးတက်စေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန်ရည်ရွယ် ဖွင့်လှစ်ထားသော အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အားကစားပြိုင်ပွဲများဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြိုင်ပွဲဝင်ကျောင်းသားများအနေဖြင့် ဆုရရှိမှုကို အဓိကမထားဘဲ စံချိန်စံညွှန်းများကောင်းမွန်ရေးကိုသာ အဓိကထားစေလိုကြောင်း၊ ဒိုင်လူကြီးများ အနေဖြင့်လည်း တရားမျှတပြီးမှန်ကန်စွာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ယခင်စံချိန် ၁၉ မိနစ် ၅၈ ဒသမ ၄၅ စက္ကန့်ကို ယခုနှစ်တွင် ထားသဉ္ဇာအေး (အား/ကာသိပ္ပံ၊ မန္တလေး)မှ ၁၉ မိနစ် ၂၀ ဒသမ ၂၉ စက္ကန့်ဖြင့်စံချိန်သစ်တင်ခဲ့သည်။ အမျိုးသားမီတာ(၅၀၀၀) ပြိုင်ပွဲတွင် ယခင်စံချိန် ၁၆ မိနစ် ၅၂ ဒသမ ၈၃ စက္ကန့်ကို ယခုနှစ်တွင် မိုင်းကျော်ထွန်း (အား/ကာသိပ္ပံ၊ တောင်ကြီး) မှ ၁၆ မိနစ် ၂၈ ဒသမ ၉၈ စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့သည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲ(ကျား၊ မ)၊ ဂျူဒိုပြိုင်ပွဲ (ကျား၊ မ)၊ စက်ဘီးပြိုင်ပွဲ(ကျား၊ မ)၊ ကရာတေးဒိုပြိုင်ပွဲ (ကျား၊ မ)၊ ဘော်လီဘောပြိုင်ပွဲ(ကျား၊ မ)၊ ဖူဆယ်ပြိုင်ပွဲ (ကျား၊ မ)၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ(ကျား၊ မ)၊ တိုက်ကွမ်ဒိုပြိုင်ပွဲ(ကျား၊ မ)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ (ကျား၊ မ)များအား သက်ဆိုင်ရာ အားကစားကွင်း၊ ရုံအသီးသီး၌ ယှဉ်ပြိုင်ကစားကြပြီး ပြေးခုန်ပစ်၊ ဖူဆယ်၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒိုပြိုင်ပွဲများတွင် ဆုရရှိသော အားကစားသမားများအားတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းများ အားကစားပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ နေ့စဉ်နံနက် ၇ နာရီခွဲမှ စတင်ပြီး သက်ဆိုင်ရာ အားကစားကွင်း၊ ရုံအသီးသီး၌ ယှဉ်ပြိုင်ကစား ကြမည်ဖြစ်သည်။ အဆိုပါ အားကစားပြိုင်ပွဲများတွင် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းများမှ အားကစားသမားစုစုပေါင်း ၂၀၀၀ ခန့်သည် အားကစားနည်း ၂၁ နည်းတွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**မောင်မောင်ဇော်**

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်မည်

**မန္တလေး ဒီဇင်ဘာ ၂၈**
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အကြီးစားပြုပြင်မွမ်းမံတည်ဆောက်ပေးသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်းအဆောက်အအုံကို မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်မှစတင်ပြီး သင်တန်းများပို့ချပေးမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

ပြန်လည်ထူထောင်ရေးစခန်းတွင် မူးယစ်ဆေးဖြတ်ပြီးသူများကို စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများပြုပြင်ပေးသွားမည်ဖြစ်ပြီး ဘဝပြန်လည်ထူထောင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ၃၅ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသားများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် သင်တန်းအပတ်စဉ်တစ်ခုတွင် သင်တန်းသား ၂၀ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၉- ၄၀၁၇၈၅၇၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မြေတိုင်းတာရာတွင် လွယ်ကူမြန်ဆန်တိကျစေရေး UAV Drone များဖြင့် ဆောင်ရွက်မည်

**မကွေး ဒီဇင်ဘာ ၂၈**
မကွေးတိုင်းဒေသကြီး၌ သမားရိုးကျမြေတိုင်းတာမှုစနစ်များအပြင် မြေတိုင်းရာတွင် လွယ်ကူမြန်ဆန်တိကျစေရေးအတွက် UAV Drone များဖြင့် မြေတိုင်းတာပုံထုတ်ခြင်းကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ယင်းသို့ဆောင်ရွက်နိုင်ရေးအတွက် မကွေး၊ ဂန့်ဂေါ၊ ပခုက္ကူ၊ သရက်နှင့် မင်းဘူးခရိုင်တို့မှ ဌာနဝန်ထမ်း သင်တန်းသား ၄၅ ဦးအား မကွေးမြို့၌ ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ သင်တန်းပို့ချပေးလျက်ရှိကြောင်း၊ ဧက ၄၀၀ ရှိကွင်းတစ်ကွင်းအား သမားရိုးကျတိုင်းတာပါက ၇ ရက်မှ ၁၀ ရက်အထိ ကြာမြင့်နိုင်ပြီး ယခုသင်တန်းမှ ပို့ချမည့်စနစ်ဖြင့် ဒရုန်းအသုံးပြု တိုင်းတာပါက နှစ်ရက်ခန့်သာ ကြာမြင့်မည်ဖြစ်ပြီး ပိုမို၍တိကျမှုရှိလာမည်ဖြစ်ကြောင်း ဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။

“မြေတိုင်းတဲ့နေရာမှာ အဆင့်တွေအများကြီးရှိတယ်၊ အဲဒီအဆင့်တွေကိုကျော်လွှားပြီးတော့ Drone နဲ့ တိုင်းတဲ့စနစ်ကို သင်ကြားပို့ချသွားမှာဖြစ်ပါတယ်၊ အရင်စနစ်တွေက အလွန်ကြာတယ်၊ လုပ်ရကိုင်ရတာလက်ဝင်ပြီး လူအင်အားသုံးရတယ်၊ အခုစနစ်နဲ့ဆိုရင် အချိန်ရော၊လူအင်အားရော တိကျမှုပါ အလွန်ကွာခြားသွားမှာဖြစ်ပါတယ်”ဟု သင်တန်းနည်းပြ ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိန်ဝင်းက ဆိုသည်။



တစ်စုံလျှင်ကျပ် ၅၅၄၂၀၀၀ တန်ဖိုးရှိAgisoftware မပါသည့် ဒရုန်းသုံးစီးနှင့် ဆက်စပ်ပစ္စည်း သုံးစုံ၊ တစ်စုံလျှင်ကျပ် ၁၄၂၀၄၅၀၀ တန်ဖိုးရှိ Agisoftware ပါရှိသည့် ဒရုန်းယာဉ်တစ်စီးနှင့် ဆက်စပ်ပစ္စည်းများအတွက် စုစုပေါင်းကျပ် ၃၀၈၃၀၅၀၀ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်မှ ချထားပေးခြင်းဖြစ်သည်။

“တိုင်းဒေသကြီး အစိုးရအဖွဲ့က Drone ငါးစင်း ဝယ်ယူဖို့ ခွင့်ပြုခဲ့တာဖြစ်ပေမယ့်၊ ခြိုးခြံချွေတာတဲ့အနေနဲ့ Drone လေးစင်းနဲ့ ရရှိတဲ့ Dataတွေကို အသေးစိတ်ပြုစုနိုင်ဖို့ Software တစ်ခုဝယ်ပါတယ်၊ ဒီလိုပံ့ပိုးပေးတဲ့အတွက် တိုင်းဒေသကြီးရဲ့ မြေယာအသုံးချမှုတွေ၊ မြေယာစီမံခန့်ခွဲမှုတွေ၊ သဘာဝဘေးအန္တရာယ်ကြောင့် လယ်ယာ မြေဘယ်နှဧက ရေနစ်တယ်ဆိုတာတွေကို ဒီစနစ်နဲ့ တိုင်းတာရင် ချက်ချင်းသိရှိနိုင်မှာဖြစ်လို့ တိုင်းဒေသကြီး အတွက်ရော၊ ဌာနအတွက်ပါ အလွန်အကျိုးရှိမှာဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဇော်ဝင်းက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများမှ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များနှင့် ထမ်းဆောင်ရမည့်တာဝန်များ များပြားနေခြင်းကြောင့် ၂၀၁၇ ခုနှစ် မေလပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် မြေကြီးမြေပုံမှန်ကန်ရေးနှင့် မြေတိုင်းတာဆောင်ရွက်ရာတွင် လွယ်ကူ မြန်ဆန်တိကျစေရေးအတွက် UAV Drone ငါးစင်း ဝယ်ယူရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# EDMS စနစ်ဖြင့် လုံခြုံစွာ စာပေးပို့နိုင်ရေးနှင့် Google Drive အသုံးပြု၍ သတင်းပေးပို့နိုင်ရေး ဆွေးနွေးပို့ချ

**မန္တလေး ဒီဇင်ဘာ ၂၈**
မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အဆင့် Electronics Document Management System (EDMS) စနစ်ဖြင့် လုံခြုံစွာ စာပေးပို့နိုင်ရေးနှင့် Google Drive အသုံးပြု၍ သတင်းပေးပို့နိုင်ရေးဆွေးနွေးပို့ချခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝေက ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် e-Government စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ EDMS စနစ်ဖြင့် ရုံးစာများလုံခြုံစွာပေးပို့နိုင်ရေး စနစ်တကျသင်ကြားစေလိုကြောင်းစသည်ဖြင့် ပြောကြားသည်။ ထို့နောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးသန်းဇော်မင်း(ခတ်ပုံကျွမ်းကျင်-၂) က EDMS စနစ်အသုံးပြု၍ လုံခြုံစွာ စာပေစာယူပြုလုပ်ခြင်းနှင့် Google Drive အသုံးပြု၍ သတင်းပေးပို့ခြင်းကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ မန္တလေးခရိုင်အတွင်းရှိ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ ခတ်ပုံကျွမ်းကျင်-၂၊ စာထောက်-၃နှင့် ရုံးစာရေးများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ နေပြည်တော်တွင် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**
နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက မူကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေမိုးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြိုင်ပွဲစည်းမျဉ်းနှင့် အမှတ်ပေးစနစ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ခေါင်းလောင်းသံမူကြိုမှ ကလေးငယ်များက တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကြပြီးနောက် ကလေးငယ် ၂၀ က ကဗျာရွတ်ဆိုပြိုင်ပွဲ ဝင်ခဲ့ပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့် ၁ နှင့်နှစ်သိမ့် ၂ ဆုရရှိသည့် ကလေးငယ်များအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေမိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ခေါင်းလောင်းသံမူကြိုမှ ဆရာ ဆရာမများ၊ ကလေးငယ် ၄၀ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**မတ္တရာ ဒီဇင်ဘာ ၂၈**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ခွဲနာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်က အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားပြီး လက်တွေ့ငြိမ်းသတ်သရုပ်ပြခဲ့သည်။

ထို့နောက် အဆိုပါဦးစီးဌာနမှ ဝန်ထမ်းများ လက်တွေ့မီးငြိမ်းသတ်မှုများကို လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# တိုက်ကြီးနှင့်မှော်ဘီမြို့နယ်တို့မှ စပါးစိုက်တောင်သူများ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးအချိန်မီ စိုက်ပျိုး



**တိုက်ကြီး ဒီဇင်ဘာ ၂၈**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့မှ စပါးစိုက်တောင်သူများ ဆည်ရေသောက်စနစ်ဖြင့် နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရန် တဘူးလှ ရေလှောင်တမံမှ ဆည်ရေကို ပို့လွှတ်ထားကြောင်း တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

"တိုက်ကြီးနဲ့ မှော်ဘီမြို့နယ်က စပါးစိုက်တောင်သူတွေ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ဖို့ တဘူးလှရေလှောင်တမံက ဆည်ရေလွှတ်မယ်ဆိုတာ နိုဝင်ဘာလကစပြီး တူးမြောင်းနဲ့ ကားလမ်းဆုံတဲ့နေရာတွေ၊ မြောင်းအရင်းနေရာတွေ၊ မြောင်းအဖျား နေရာတွေမှာ ဗီနိုင်းပိုစတာတွေနဲ့ ကြော်ငြာထားတယ်၊ ဆည်ရေကို ဒီဇင်ဘာ ၁၅ ရက်ကစပြီး ပို့လွှတ်ထားပါတယ်"ဟု တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှဦးစီးအရာရှိဦးဇော်မျိုးထွန်းကပြောသည်။

တဘူးလှရေလှောင်တမံမှ ဆည်ရေကို နွေစပါးစိုက်ရန် ရေစတင်ပေးဝေရမည့်ရက်ကို နှစ်စဉ် ဒီဇင်ဘာ ၁၅ ရက် သတ်မှတ်ထားပြီး နောက်ဆုံးဆည်ရေ ပေးဝေသည့်ရက်ကို မေ ၁၅ ရက် သတ်မှတ်ထားကြောင်း တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တိုက်ကြီးမြို့နယ် ဥက္ကံကုန်းကျေးရွာမှ တောင်သူဦးကြည်လွင်က "ကျွန်တော့မှာ လယ်ဧက ၂၀ကျော်ရှိပါတယ်၊ ဒီဒေသမှာက မိုးစပါးနဲ့နွေစပါး စိုက်ပါတယ်၊ မိုးစပါးက တစ်ဧကကို ၆၅ တင်းလောက်ပဲထွက်တယ်၊ နွေစပါးကတော့ တစ်ဧကတင်း ၈၀ လောက်ထွက်တယ်၊ ဒီမှာက နွေစပါးက အထွက်များတော့ အဓိကနွေစပါးကိုပဲ အားထားစိုက်ကြတယ်၊ နွေစပါးအတွက် ရေကိုတော့ တဘူးလှရေလှောင်တမံက ပို့လွှတ်တဲ့ ဆည်ရေကိုပဲအဓိက အားထားနေရတယ်" ဟုပြောသည်။

တိုက်ကြီးမြို့နယ်တွင် ယခင်က ဆည်ရေသောက်စနစ်မရှိခြင်းကြောင့် နွေစပါးစိုက်ပျိုးရန် အခက်အခဲများရှိခဲ့ကြောင်း၊ တဘူးလှရေလှောင်တမံ တည်ဆောက်ပြီးနောက်ပိုင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါးကို အဓိကအားထားစိုက်ပျိုးလာကြောင်း စပါးစိုက်တောင်သူများထံက သိရသည်။

၂၀၁၆-၂၀၁၇ခုနှစ်တွင် တဘူးလှရေလှောင်တမံမှ ပို့လွှတ်သည့်ဆည်ရေဖြင့် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့တွင် နွေစပါး ၂၄၁၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ တဘူးလှရေလှောင်တမံကို ၁၉၉၃-၁၉၉၄ခုနှစ်တွင် စီမံကိန်းစတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၉၅-၁၉၉၆ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့ကြောင်း ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၉၄၆၀၀ ရှိပြီး တမံမှဆည်ရေကို တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများအား နှစ်စဉ်ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားကြောင်း တိုက်ကြီးမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ သိရသည်။ **ဇာဏီ**

## မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၈**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ရပ်ကွက်အတွင်းနှင့် ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများအား မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ရေထိုးပက်ခြင်း၊ တစ်ပိုက်တစ်တန်း ရေထိုးပက်ခြင်း၊ ဂက်(စ်)အိုး၊ မီးဖိုမှ မီးလောင်ကျွမ်းမှုအား ငြိမ်းသတ်နည်း၊ မီးလောင်ကျွမ်းနေစဉ် ရေစိုနေသည့် စောင်ပိုင်းဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းတို့ကိုဆောင်ရွက်ခဲ့ပြီး မီးလောင်ရသည့်အကြောင်းအရင်းနှင့် မီးလောင်လျှင် မီးငြိမ်းသတ်ရမည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံတို့ကို ရှင်းလင်း ပြောကြားပေးခဲ့ပြီး နေအိမ်မီးဖိုဆောင်တွင် ဆီမှမီးလောင်ကျွမ်းမှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြသပေးခဲ့ကြကြောင်းသိရသည်။

ထို့အပြင် လှိုင်းဘွဲ့မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူးတို့မှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးချိတ်၊ မီးကပ်၊ သဲပုံးရေပုံးထားရှိမှုအခြေအနေ၊ ရုံးရေလှောင်ကန်များ ရေဖြည့်တင်းထားရှိမှုအခြေအနေ၊ ရုံးတွင်းလျှပ်စစ်ပစ္စည်းများအား Save Guard များသုံးစွဲထားရှိမှုနှင့် မလိုအပ်သောမီးခလုတ်များအား အမြဲပိတ်ထားရေးအတွက် ရပ်ကွက်နေအိမ်များ၊ ရုံးများ၊ ကျောင်းများတွင် စစ်ဆေးခဲ့ကြကြောင်းသိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

## လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပ

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၂၈**
မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လူငယ် လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အသိအမြင်ဗဟုသုတ တိုးတက်စေရေးနှင့် စာဖတ်အားပိုမိုကောင်းလာစေရန် ရည်ရွယ်ပြီး လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း (Public Talk) ကို လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီမှစတင်ကာ အောင်ဆန်းအားကစားပြိုင်ကွင်း (မိုးလုံ လေလုံ အားကစားခန်းမ) မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ဒေါ်ဖြူဖြူသင်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)က ဦးဆောင်ဆွေးနွေးကာ ဦးသန်းစိုး(ဘောဂဗေဒ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးလှဌေး(တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ ဦးမေတ္တာ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)နှင့် တက္ကသိုလ်စိုးရင် (မြို့နယ်စာရေးဆရာအသင်းနာယက)တို့က စာပေတန်ဖိုး၊ စာဖတ်ခြင်းအကျိုး၊ စာဖတ်သူတို့၏ကြီးမြင့်မှု၊ စာပေပညာဖြင့် တိုးတက်မြင့်မားခဲ့သော နိုင်ငံများ၏ အကြောင်း၊ လူငယ်လူရွယ်များစာဖတ်ခြင်းမှသည် မိမိဘဝ တိုးတက်မြင့်မားလာစေခဲ့သော အကြောင်းများ အားအကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူတို့က မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြသည်။

ပြည်သူ့စကားဝိုင်းသို့ NGO အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့်တက်ရောက် နားထောင် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ရဲမင်းထွန်း(မြန်/ဆက်)**



## မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပြည် ဒီဇင်ဘာ ၂၈**
ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါသည် ပြည်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးကျော်လင်းအောင်နှင့် အတူ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ပြည်မြို့နယ်ကံကျိုးကျေးရွာအုပ်စု ကံကျိုးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် လုပ်ကိုင်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သူရအောင် (ပြည်)**

## မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေး သန်လျင်၌ မြို့တွင်းလမ်းများ အဆင့်မြှင့်

**သန်လျင် ဒီဇင်ဘာ ၂၈**
ပြည်သူများသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက သန်လျင်မြို့ သိမ်ကျောင်းလမ်းမကြီးအား အဆင့်မြှင့်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။

သန်လျင်မြို့ သိမ်ကျောင်းလမ်းမကြီးမှာ ယာဉ်သွားလာမှုများပြီး လမ်းအသုံးပြုမှုများသောကြောင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၁၇၆၀၊ အကျယ်ပေ ၄၀ အား အဆင့်မြှင့်တင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းအား ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသန့်ရှင်းသာယာလှပရေးနှင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေး ရပ်ကွက်၊ ကျေးရွာများရှိ လမ်းများအား အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(သန်လျင်)**

## ကုန်ဘောင်ကျေးရွာတွင် မုန်တိုင်းသဏ္ဍာန်တူ (Cyclone Drill ) သရုပ်ပြလေ့ကျင့်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၈**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဇင်ချောင်းတိုက်နယ် ကုန်ဘောင်ကြီးကျေးရွာ၌ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကျောက်ဖြူခရိုင်ရုံးမှူးကြီးမှူး၏ မုန်တိုင်းသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်မှု (Cyclone Drill) အား ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျေးရွာကော်မတီဝင်များအား မုန်တိုင်းအခြေအနေအား ရှင်းလင်းခြင်း၊ မုန်တိုင်း အခြေအနေပေါ်မူတည်၍ လုပ်ဆောင်ရမည့်အခြေအနေများ၊ ကျေးရွာအတွင်းနေထိုင်သောပြည်သူများအား သတိပေးနှိုးဆော်ခြင်း၊ ကျေးရွာနေ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် မသန်စွမ်းသူများအား ကျေးရွာသဘာဝဘေးဆိုင်ရာကော်မတီဝင်များ နှင့်ဌာနဆိုင်ရာများမှ စီစဉ်ပေးထားသောနေရာများ၊ ဘုန်းတော်ကြီးကျောင်းနှင့်ကုန်းမြင့်ပိုင်းသို့ ရွှေ့ပြောင်းခြင်းများအား သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်မှုများပြုလုပ်ပေးခဲ့သည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကျောက်ဖြူခရိုင်ဦးစီးမှူး ဦးအောင်ကျော်စိန်က မုန်တိုင်းမဖြစ်ပေါ်မီ၊ မုန်တိုင်းဖြစ်နေစဉ်နှင့် မုန်တိုင်းကျရောက်ပြီး ဆောင်ရွက်ကာကွယ်ရမည့် နည်းလမ်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများပညာပေးဟောပြောခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျောက်ဖြူကြက်ခြေနီတပ်ခွဲ၊ ခရိုင်တပ်ခွဲမှူးဦးစိုးနိုင်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပြီးနောက် ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုဆောင်ရွက်ရမည်လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက မိမိတို့ကျေးရွာအား ယခုကဲ့သို့ သရုပ်ပြလေ့ကျင့်သင်ကြားပြသပေးခဲ့သောကြောင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက လူနှင့်တိရစ္ဆာန်များအား ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဖြိုးဝေလင်း(မြန်/ဆက်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# စီရင်ထုံးများကို ဘယ်လိုဖတ်ကြမှာလဲ

**မောင်စာဂ**

"ဥပဒေကို ဘယ်လိုဖတ်ကြမှာလဲ"ဆောင်းပါးကို ရေးသားခဲ့ပြီးဖြစ်၍ ယခုတစ်ဖန် စီရင်ထုံးများကို ဘယ်လိုဖတ်ကြမှာလဲ ဆိုသည့် အချက်ကို စောကြောမိပြန်သဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်သည်။

## စီရင်ထုံးများကိုဖတ်ကြပါ

စီရင်ထုံးများကို ဖတ်ရ၊ မှတ်ရမည်ဆိုသည်ကို ဥပဒေသမားများ သိရှိကြပြီးဖြစ်သည်။ သို့သော် အလွတ်ရအောင်ထိ ဖတ်ဖို့၊ ကျက်ဖို့ လိုသလားဆိုလျှင်တော့ မလိုဟုသာ ဖြေကြလိမ့်မည်။ အဘယ့်ကြောင့်နည်း။ အများစုမှတ်သားထားသည်က ဥပဒေတွေ စီရင်ထုံးတွေကို အလွတ်ကျက်မှတ်ဖို့မလို။ သဘောအဓိပ္ပာယ်ဆိုလိုရင်း လမ်းညွှန်ဆုံးဖြတ်ချက်များကို နားလည်သဘောပေါက်အောင် ဖတ်ထား မှတ်သားရမည်။ ဘယ်ဥပဒေကဘယ်မှာ၊ မည်သည့်စီရင်ထုံးက မည်သည့်စာအုပ်မှာ အလွယ်တကူ ရှာတတ်ဖွေတတ်ရမည်။ ဥပဒေဟူသည် ရှာတတ်ဖို့ပဲလိုသည်ဟူသောမူကို ဆုပ်ကိုင်ထားကြသည်။

## လုပ်ငန်းခွင်လက်တွေ့ပြောပါရစေ

ဥပဒေပညာသင်ယူပြီး ရှေ့နေချုပ်ရုံးတွင် ဥပဒေဝန်ထမ်းအဆင့် ၄ အဖြစ်နှင့် စတင် တာဝန်ထမ်းခဲ့သည်။ ဥပဒေအကြံပေးလုပ်ငန်း၊ အမှုလိုက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရသည်။ အမှုလိုက်ခြင်းကို မြို့နယ်အဆင့် တရားရုံးများကစတင်၍ အမြင့်ဆုံးတရားရုံးချုပ်အထိ လိုက်ပါဆောင်ရွက် ခဲ့သည်။ ဥပဒေအကြံပေးကိုလည်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက တောင်းခံလာသည့် ဥပဒေအကြံ အမျိုးမျိုးအပေါ် များပြားစွာသော ဥပဒေအကြံများပေးခဲ့သည်။ ဥပဒေအကြံပေးခြင်းလုပ်ငန်းနှင့် အမှုလိုက်ခြင်းလုပ်ငန်းတို့၏ သဘောသဘာဝချင်းမတူပါ။ အနှစ်ချုပ်ပြောပါရစေ။

## ဥပဒေအကြံပေးခြင်းလုပ်ငန်း

သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများစသည်တို့က ဥပဒေအကြံ တောင်းခံလာသည့်အခါ စိစစ်လေ့လာ၍ အကြံများပေးရသည်။ တောင်းခံလာသည့် အကြောင်းအရာ ကိစ္စရပ်နှင့်ညီညွတ်သည့် ဥပဒေအကြံများ ဖြစ်ဖို့လိုသည်။ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စီရင်ထုံးများကို ရှာဖွေလေ့လာဖတ်ရှုရသည်။ ဥပဒေဝန်ထမ်းအချင်းချင်း ဆွေးနွေးညှိနှိုင်းရသည်။ မသိတာရှိလျှင် အဆင့်မြင့်ဥပဒေရုံးကို မေးရသည်။ လမ်းညွှန်မှုခံယူရသည်။ သင့်တင့်မျှတသည့် လုံလောက်သောအချိန်ရသည်။ ဤအခြေအနေတွင် ဥပဒေတွေ စီရင်ထုံးတွေကို အလွတ်ဖတ်မှတ်ထားဖို့မလို။ ရှာတတ်ဖွေတတ်ဖို့လိုသည်။ မှန်ကန်စွာ အဓိပ္ပာယ်ကောက်ယူတတ်ဖို့လိုသည်။

## အမှုလိုက်ခြင်းလုပ်ငန်း

အမှုလိုက်လုပ်ငန်းသည် ရှေ့နေတို့၏ လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဥပဒေဝန်ထမ်းများသည် သက်ဆိုင်ရာတရားရုံးတွင် အစိုးရရှေ့နေအဖြစ် အမှုလိုက်လုပ်ငန်းများဆောင်ရွက်ရသည်။ မိမိ၏ဥပဒေရုံးတွင် ဆောင်ရွက်ရသော လုပ်ငန်းမဟုတ်။ တရားရုံးသို့သွား၍ တရားခွင်တွင် ဆောင်ရွက်ရသည်။ တရားသူကြီးရှေ့တွင်ဖြစ်သည်။ တစ်ဦးတည်းဆောင်ရွက်၍မရ။ အစိုးရရှေ့နေနှင့်တရားခံ၏ ရှေ့နေတို့ စကားစစ်ထိုးကြသည့်ပွဲဟု ခေါ်ဝေါ်သမုတ်ကြသည်။ တစ်ဖက်နှင့် တစ်ဖက်၊ အချေအတင်၊ အကျောက်အကန်ငြင်းကြခုံကြ၊ စကားလုံးများဖြင့် တိုက်ခိုက်ကြသည်။ စကားစစ်ခင်းကြသည်။

စစ်မြေပြင်တွင် နှစ်ဖက်ရင်ဆိုင်တိုက်ခိုက်ရာ၌ စစ်နည်းဗျူဟာကွယ်မှုနှင့် မိမိစစ်သည်လက်နက်အင်အားကို မှန်ကန်စွာအသုံးချတတ်မှုသည် အရေးပါသည့် အချက်ဖြစ်သည်။ ထို့အတူ တရားခွင်တွင် နှစ်ဖက်အကျိုးဆောင်များ စကားစစ်ခင်းရာ၌ စကားပရိယာယ်ကြွယ်ဖို့လိုသလို အဓိကလက်နက်အင်အားဖြစ်သည့် ဆိုင်ရာဆိုင်ရာဥပဒေနှင့် စီရင်ထုံးများကို နှံ့စပ်ပိုင်နိုင်တတ်သိလိမ္မာ ကျွမ်းကျင်စွာဖြင့် ထုတ်နုတ်အသုံးချတတ်ဖို့ရန် လွန်စွာအရေးကြီးလှသည်။

## စီရင်ထုံးတွေ ဖတ်ဖို့မှတ်ဖို့လိုလာပြီ

မူလမှုများကို စစ်ဆေးကြသည့်အခါ သက်သေများကို စစ်ဆေးမေးမြန်းရသည်။ သက်သေခံ စာရွက်စာတမ်းများ တင်ပြရသည်။ နောက်တိုးသက်သေ၊ နောက်တိုးတရားခံများ တင်သွင်းရသည်။ ဤတွင် "မမေးသင့်သော မေးခွန်းများကို မေးမြန်းသည်၊ မတင်ပြသင့်သော သက်သေခံစာရွက်စာတမ်းများကို တင်ပြသည်၊ နောက်တိုးသက်သေ နောက်တိုးတရားခံများ မတင်သွင်းသင့်ဘဲ တင်ပြသည်" စသည်ဖြင့် တစ်ဖက်ရှေ့နေက ကန့်ကွက်လာတတ်သည်။ ကန့်ကွက်ချက်အပေါ် လျှပ်တစ်ပြက် လျှောက်လဲချက်များပေးရသည်။ ဥပဒေစာအုပ်တွေ ရှာဖွေဖတ်ဖို့ အချိန်မရတော့။ ဆွေးနွေးတိုင်ပင်ခြင်းလည်းမပြုနိုင်၊ ဖက်ထားမှတ်ထား သိထားသမျှနှင့် လျှောက်လဲကြရသည်။ မျှော်လင့်ထားသော အချက်များ၊ မမျှော်လင့်ထားသောအချက်များနှင့် ကြုံတတ်သည်။ တစ်ဖက် ရှေ့နေက စီရင်ထုံးများကို ကိုးကား၍ လျှောက်လဲသည်။ ကျန်တစ်ဖက်ရှေ့နေက စီရင်ထုံးများကို ဖတ်ထား မှတ်ထားခြင်းမရှိလျှင် ပြန်လည်မချေပနိုင်။ မိမိတိုက်စစ် ဦးကျိုးရတော့သည်။ မိမိလျှောက်ထားချက် ရှုံးနိမ့်ရတော့သည်။

အယူခံမှု၊ ပြင်ဆင်မှုများကို ကြားနာရသည့်အခါတွင် လျှောက်လဲချက်များကို ကြိုတင်ပြင်ဆင် ပြုစုထားကြရသည်။ ပြင်ဆင်ပြုစုထားသည့်အတိုင်း ဖြစ်သွားလျှင် ချောမောမည်။ သို့သော် လျှောက်လဲချက်ပေးရင်းနှင့် မိမိမမျှော်လင့်ထားသည့် အကြောင်းအရာများကို ပြန်လည်ရှင်းလင်းဖို့ ပေါ်လာတတ်သည်။ ပြန်လည်ရှင်းလင်းမှု မပြုဘဲနေ၍မရ။ ဖတ်ထားမှတ်ထား သိထားသမျှနှင့် ရှင်းလင်းချေပရသည်။ ဤတွင် ဥပဒေအကိုးအကား စီရင်ထုံးများကို သေသေချာချာ ဖတ်ထားမှတ်ထားမည်ဆိုပါက မိမိရှင်းလင်းချေပချက် ပြည့်ပြည့်စုံစုံရှိပေမည်။ သို့မဟုတ်က ခိုင်မာပြည့်စုံမည်မဟုတ်။ တရားခွင်တွင် အရှက်ရတော့သည်။ အထင်သေးအမြင်သေးခံရတော့သည်။ ခံစစ်စည်း ပေါက်ရတော့သည်။ တစ်ဖက်၏ ချေမှုန်းမှုကို မရှုမလှခံရတော့သည်။

ယင်းသို့သောအကြောင်းများအရ တရားခွင်စစ်မြေပြင်တွင် တစ်ဖက်နှင့်တစ်ဖက် စကားစစ်ထိုးကြရာ၌ အပြန်အလှန်လျှောက်လဲ ချေပကြခြင်းများအတွက် အဓိကလက်နက်မှာ ဥပဒေအပေါ် တတ်သိနားလည်မှုနှင့်အတူ လက်နက်ကြီးပစ်ကူ အားဖြည့်သုံးသည့်အလားဆိုင်ရာစီရင်ထုံးများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုးကားနိုင်သူက အောင်ပွဲရမည်မှာ ထင်ရှားသည်။ သို့ဖြစ်၍ စီရင်ထုံးများကို အလွတ်ရအောင်ထိ ကျက်ထား၊ မှတ်သားထားဖို့လိုသည်ကို ကွက်ကွက်ကွင်းကွင်း သိလာရသည်။

## စီရင်ထုံးများကို အလွတ်ဖတ်ထားခြင်း၏ အကျိုးကျေးဇူး

အစိုးရရှေ့နေများ အပါအဝင် ရှေ့နေရှေ့ရပ်အားလုံးသည် စီရင်ထုံးများကို အလွတ်ရအောင်ထိ ဖတ်ထား၊ မှတ်ထားကြခြင်းဖြင့် ဤသို့သော အကျိုးကျေးဇူးများရနိုင်သည်-

(က) လျှပ်တစ်ပြက်ဖြစ်လာသော အငြင်းပွားမှုအပေါ် ဆိုင်ရာစီရင်ထုံးကို ကိုးကား၍ ကန့်ကွက်ခြင်း၊ ခုခံချေပခြင်း၊ ပြန်လည်ရှင်းလင်းခြင်းများ ပြုနိုင်မည်။

(ခ) ခိုင်မာသောစီရင်ထုံးကို ထိထိရောက်ရောက် ကိုးကားအသုံးချနိုင်ခြင်းဖြင့် မိမိ၏စွဲဆိုချက် သို့မဟုတ် မိမိ၏ ခုခံချေပချက် ပိုမိုအားကောင်းလာမည်။

(ဂ) တင်ပြလာသောစီရင်ထုံးအပေါ် တင်ပြချက်နှင့် စီရင်ထုံးပါအချက် ကွဲလွဲမှု ရှိ၊ မရှိ၊ စီရင်ထုံး ခုနှစ်၊ စာမျက်နှာမှန်ကန်ခြင်း ရှိ၊ မရှိ၊ ပယ်ဖျက်ထားသောစီရင်ထုံး ဟုတ်၊ မဟုတ် ဆန်းစစ်နိုင်သည်။ လွဲမှားနေက မှန်ကန်စွာထောက်ပြ၍ ချေပရှင်းလင်းနိုင်မည်။

(ဃ) တစ်ဖက်မှ တင်ပြလာသော စီရင်ထုံးထက် ပိုမိုပြည့်စုံခိုင်မာသော စီရင်ထုံးကို ကိုးကားနိုင်ခြင်းဖြင့် မိမိ၏စွဲဆိုချက် သို့မဟုတ် မိမိ၏ ချေပချက် ပိုမိုပီပြင်လာမည်။

(င) စီရင်ထုံးများကို အကြောင်းခြင်းရာအလိုက် ရတ်ခြည်းခိုင်မာ မှန်ကန်စွာ အသုံးချနိုင်ခြင်းဖြင့် အများ၏ယုံကြည်လေးစားမှု ရရှိနိုင်ပြီး အမှန်တရားကို ဖော်ထုတ်နိုင်သည်။

## တရားသူကြီးများရော အလွတ်ဖတ်ဖို့လိုပါသလား

ဤဆောင်းပါးကိုရေးနေရင်း ဆရာ့ကိုသတိရ လွမ်းဆွတ်မိသည်။ ဆရာဆိုသည်မှာ ဆရာဦးမျိုးထွန်းလင်းဖြစ်သည်။ ရှေ့နေချုပ်ရုံး(ယခင်အခေါ် ဗဟိုဥပဒေရုံး)တွင် ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ ထို့နောက် တရားရုံးချုပ်တရားသူကြီးအဖြစ် တာဝန်ပေးခံရသည်။ ဆရာထိုင်သော တရားခွင်တွင် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု၊ အယူခံမှု များများစားစား လိုက်ခဲ့ဖူးသည်။ ရှေ့နေများက စီရင်ထုံးများကို ကိုးကားလျှောက်ထားလာသည့်အခါ ဆရာက "ရှေ့နေကြီး ခင်ဗျားတင်ပြတဲ့ စီရင်ထုံးက ခုနှစ်လွဲနေတယ်၊ စာမျက်နှာလွဲနေတယ်၊ ခင်ဗျားပြောတဲ့ အချက်အလက်တွေနဲ့ စီရင်ထုံးပါအချက်အလက်တွေ ကွဲလွဲနေတယ်၊ ခင်ဗျားပြောတဲ့စီရင်ထုံးကို ဟိုစီရင်ထုံးနဲ့ ပယ်ဖျက်ပြီးပြီလေ၊ ရှေ့နေကြီးမဖတ်မိဘူးလား" စသည် စသည်ဖြင့် တရားခွင်ပေါ်ကနေ မဆိုင်းမတွ ပြောပြလေ့ရှိသည်။ ဆရာက စီရင်ထုံးတွေကိုအလွတ်ဖတ်ထား၊ မှတ်ထားသည်ကို ပေါ်လွင်နေသည်။ ဆရာ့ကို အတုယူ အားကျမိခဲ့သည်။ ဆရာ၏ပညာအရည်အချင်းတွေကို ဂါရဝပြုပါရစေ။

> ရှေ့နေကြီး ခင်ဗျား တင်ပြတဲ့ စီရင်ထုံးက ခုနှစ် လွဲနေတယ်၊ စာမျက်နှာ လွဲနေတယ်။ ခင်ဗျား ပြောတဲ့ အချက်အလက်တွေနဲ့ စီရင်ထုံးပါ အချက်အလက်တွေ ကွဲလွဲနေတယ်။ ခင်ဗျားပြောတဲ့ စီရင်ထုံးကို ဟိုစီရင်ထုံးနဲ့ ပယ်ဖျက်ပြီးပြီလေ၊ ရှေ့နေကြီး မဖတ်မိဘူးလား

## သဘောသိရုံနှင့်မလုံလောက်ပါ

အချို့ကစီရင်ထုံးများကို အလွတ်ကျက်မှတ်ရန်မလို၊ သဘောသဘာဝနှင့် အဓိပ္ပာယ်ကိုသာ ကောင်းစွာရှင်းရှင်းလင်းလင်း သိထားဖို့ရန်၊ ရည်ညွှန်းခုနှစ်၊ မည်သည့်အတွဲတွင်ရှိသည်ကို ရှာတတ်ဖို့ရန်သာ လိုသည်ဟုယူဆကြသည်။ တရားခွင်တွင် အမှုရင်ဆိုင်ကြသောအခါ ကြိုတင်ပြင်ဆင်မျှော်လင့်မထားဘဲ ပေါ်ပေါက်လာသည့် အခြေအနေအရ ယခင်ကထုံးပြုဆုံးဖြတ်ခဲ့ပြီးသော စီရင်ထုံးများကို ထုတ်ဖော်အသုံးပြုရာတွင် သဘောသိရုံနှင့် မလုံလောက်တော့၊ နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရသည့်အခါမှ ပြန်ရှာဖို့ရန်လည်း အချိန်မရနိုင်။ မသေချာ မခိုင်မာဘဲနှင့်လည်း ရည်ညွှန်းကိုးကားမရနိုင်။ စီရင်ထုံးကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်သည့်အတွက် တစ်ပန်းရှုံးရတော့သည်။

စီရင်ထုံးကို သဘောသာမက အာဂုံဆောင်နိုင်သူအဖို့ တရားခွင်တွင် ပေါ်ပေါက်လာသည့် အခြေအနေအရ ရုတ်ခြည်းထုတ်နုတ်အသုံးပြုနိုင်သည်။ ရင်ဆိုင်နေသည့်အမှုနှင့်စပ်လျဉ်း၍ အလားတူအမှုအခင်းတွင် မည်သည့်ခုနှစ်က မည်သည့်အမှုတွင် မည်သို့ထုံးပြုဆုံးဖြတ်ခဲ့သည့် စီရင်ထုံးရှိသည်၊ ယင်းစီရင်ထုံးအရယခုအမှုတွင် စဉ်းစားဆင်ခြင် ဆုံးဖြတ်သင့်သည်ဟု အကိုးအကား၊ အချက်အလက်ခိုင်မာစွာဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီးအသုံးချ၍ အောင်မြင်မှုကိုရယူနိုင်ပေသည်။ ယင်းသို့သော ဖြစ်စဉ်ဖြစ်ရပ်များ တရားခွင်အတော်များများတွင် ကြုံတွေ့ခဲ့ရသည်။ သင်ခန်းစာယူဖွယ်၊ အတုယူဖွယ် ကောင်းလှတော့သည်။

## စီရင်ထုံးများကိုမည်ကဲ့သို့ အလွတ်ရအောင် ဖတ်ရပါမည်နည်း

စီရင်ထုံးများကို ကိုးကားတင်ပြကြသည့်အခါ စီရင်ထုံးပြုခဲ့သည့် ခုနှစ်၊ စီရင်ထုံးစာအုပ်တွင် ပါရှိသည့် စာမျက်နှာနံပါတ်၊ လျှောက်ထားသူ၊ လျှောက်ထားခံရသူတို့၏ အမည်နှင့်စီရင်ထုံး၏ ဆိုလိုရင်း ဆုံးဖြတ်ချက် အနှစ်ချုပ်တို့ကိုတင်ပြရသည်။ အလွတ်ရအောင် မှတ်သားထားနိုင်ဖို့ ဤသို့ကျက်မှတ်ထားသည်။

(တစ် ကိုး လေး တစ်၊ သုံး လေး ခြောက်၊ ရွှေဖရူးရဲ့ ဖုန်းကိုရောက်) ရွှေဖရူး၏ စီရင်ထုံး ၁၉၄၁ ခုနှစ်၊ စာမျက်နှာ ၃၄၆ ဖြစ်သည်။ ပထမသတင်းပေးတိုင်ချက်ကို တယ်လီဖုန်းဖြင့်လည်း တိုင်ကြားနိုင်ကြောင်း ဆုံးဖြတ်ထားသည့် စီရင်ထုံးဟု မှတ်သားထားလိုက်သည်။

(ဦးခမ္မပါလကိုယ်တော်လေး၊ ခြောက်သုံးလုံးကိုပေး၊ ရန်တွဲတစ်ဆယ့်လေး) ဦးခမ္မပါလစီရင်ထုံး၊ ရန်ကုန်၊ အတွဲ ၁၄၊ စာမျက်နှာ ၆၆၆ ဖြစ်သည်။ သက်သေပြဖို့တာဝန်သည် အစဉ်သဖြင့် တရားလိုဘက်တွင်ကျရောက်ကြောင်း ဆုံးဖြတ်ထားသည့် စီရင်ထုံးဟု မှတ်သားထားလိုက်သည်။

(တစ် ကိုး ခြောက် ခြောက်၊ လေး တစ် ကိုး၊ ကျော်လှသတ်တာမျိုး) ကျော်လှစီရင်ထုံး ၁၉၆၆ ခုနှစ်၊ စာမျက်နှာ ၄၁၉ ဖြစ်သည်။ ဆရာဝန်၏ထင်မြင်ချက်သည်၊ ထင်မြင်ချက်သာဖြစ်သည်။ မျက်မြင်သက်သေ၏ ထွက်ဆိုချက်ကို မလွှမ်းမိုးနိုင်ကြောင်း ဆုံးဖြတ်ထားသည့် စီရင်ထုံးဟု မှတ်သားထားလိုက်သည်။

(ဟူစိန်ဘခန်၊ အာမခံ၊ ချပြန်မှုသစ်၊ ခြောက်ဆယ်။ တစ်ကိုးနှစ်) ဟူစိန်ဘခန်စီရင်ထုံး၊ ၁၉၆၀ ခုနှစ်၊ စာမျက်နှာ ၁၉၂ ဖြစ်သည်။ အာမခံပေးခြင်းသည် "မူ"၊ မပေးခြင်းသည် "ခြွင်းချက်" ဟူသော မူသစ်ကိုချမှတ်ခဲ့သည့် စီရင်ထုံးဖြစ်သည်ဟု မှတ်သားထားလိုက်သည်။

နမူနာတစ်ရပ်အဖြစ် ဖော်ပြပေးခြင်းဖြစ်သည်။ မျှဝေပေးခြင်းသာ။

စီရင်ထုံးများကို ဖတ်နိုင်ကြပါစေ၊ မှတ်နိုင်ကြပါစေ။

စီရင်ထုံးများ၏ သဘောအဓိပ္ပာယ်ကို တော်တည့်မှန်ကန်စွာ ကောက်ယူအသုံးပြုနိုင်ကြခြင်းဖြင့် မှန်ကန်သော တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်တည်ငြိမ်စွာ ထိန်းကျောင်းနိုင်ကြပါစေ။ ။

# ၂၀၁၇ ခုနှစ်အတွင်း အလုပ်ခတ်ခဲ့ဆုံးသော တောင်ကိုရီးယားအနုပညာသတင်းများ

အေးပြည့်
ရေးသားသည်။

**ယခုနှစ်ရဲ့အဆုံးသတ်ကာလတွေ ရောက်လာချိန်မှာတော့ တောင်ကိုရီးယားအနုပညာရှင်တွေနဲ့ပတ်သက်ပြီး တစ်နှစ်အတွင်းပေါ်ထွက်ခဲ့တဲ့ သတင်းတွေအနက် ပရိသတ်တွေကို အလုပ်ခတ်နိုင်ခဲ့ဆုံးနဲ့ လူအများရဲ့ စိတ်ဝင်စားမှုကို အများဆုံးရရှိခဲ့ကြတဲ့ သတင်းတွေကို ရွေးချယ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ အနုပညာချစ်ပရိသတ်တွေအတွက် စိတ်ဝင်စားစရာကောင်းလှတဲ့ သတင်းတွေ များစွာပေါ်ထွက်ခဲ့ပြီး အဲဒီအထဲကမှ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ခဲ့တဲ့ T. O. P ရဲ့ ဆေးခြောက်ပြဿနာ၊ ဂျုန်ဟွန်း ကွယ်လွန်ခဲ့ရတဲ့သတင်း၊ ပါ့ခ်ယိုချန်းရဲ့ တရားရင်ဆိုင်ရမှု၊ ဆောင်းဟေကိုနဲ့ ဆောင်ဂျုန်ကီတို့ရဲ့ မင်္ဂလာပွဲ၊ ဟွန်ဆန်စိုးနဲ့ ကမ်မင်ဟီးတို့ရဲ့အချစ်ရေး၊ ကမ်ဝူဘင်ရဲ့ ကင်ဆာရောဂါ၊ ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့ မင်္ဂလာပွဲနဲ့ မင်းသား ကမ်ဂျုဟွတ်ခ်ရဲ့ ယာဉ်တိုက်မှုအတွင်းဆုံးပါးခဲ့မှု စတဲ့သတင်းတွေကို ရွေးချယ်ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။**

## T. O. P ရဲ့ ဆေးခြောက်ပြဿနာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T.O. P ဟာ ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာတော့ သူ့ရဲ့စစ်မှုထမ်းကာလအတွင်းမှာပဲ မူးယစ်ဆေးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အဆိုပါသတင်းတွေ ရုတ်တရက် ပေါ်ထွက်လာခဲ့ပြီးတဲ့နောက်မှာတော့ ပရိသတ်တွေအနေနဲ့ အထူး အံ့အားသင့်ခဲ့ရပါတယ်။ မူးယစ်ဆေးသုံးစွဲကြောင်းကို အစပိုင်းမှာ T. O. P နဲ့ သူ့ရဲ့အသိုင်းအဝိုင်းက ငြင်းဆိုခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဝန်ခံခဲ့တာဖြစ်ပါတယ်။ ဒီပြဿနာကြောင့် T. O. P ဟာ ဆေးရုံတက်ရောက်ကုသခဲ့ရပြီး သူ့ရဲ့စစ်မှုထမ်းရက်တွေကိုလည်း အစကနေ ပြန်လည်စတင်ဖို့ အမိန့်ချမှတ်ခြင်းခံခဲ့ရပါတယ်။

## ဂျုန်ဟွန်း ကွယ်လွန်ခဲ့ရတဲ့သတင်း

အောင်မြင်နေတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုန်ဟွန်းကတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်မှာ ကွယ်လွန်သွားခဲ့တာဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာ ဂျုန်ဟွန်းဟာ အသက် ၂၇ နှစ် အရွယ်သာ ရှိနေသေးတာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တာဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ကြပါတယ်။ မကွယ်လွန်မီရက်ပိုင်းအလိုက ဂျုန်ဟွန်းဟာ သူ့ရဲ့တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုလည်း အောင်မြင်စွာ ကျင်းပခဲ့ပြီး တေးသီချင်းသစ်အတွက် တေးဗီဒီယိုကိုလည်း ရိုက်ကူးပေးခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ မကွယ်လွန်မီ နောက်ဆုံးရေးသားခဲ့တဲ့စာထဲမှာတော့ သူဟာ စိတ်ဓာတ်ကျခြင်းနဲ့အတူ အထီးကျန်ဝေဒနာတွေကြောင့် ဘဝကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ရတာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

## ပါ့ခ်ယိုချန်းရဲ့ တရားရင်ဆိုင်ရမှု

နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ပါ့ခ်ယိုချန်းဟာ ပြီးခဲ့တဲ့ နှစ်အတွင်းမှာ တရားရင်ဆိုင်မှုတွေနဲ့ ကြုံခဲ့ရပြီး ယခုနှစ် မတ်လအတွင်းမှာတော့ ယင်းအမှုတွေကနေ တရားသေလွတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုလူအများကို စိတ်ဝင်စားစေခဲ့တဲ့ ပါ့ခ်ရဲ့ တရားရင်ဆိုင်ရတဲ့အမှုတွေကို ရုံးတော်က အမိန့်ချမှတ်ချိန်မှာလည်း အများက အထူးစိတ်ဝင်တစားရှိခဲ့ကြတာ ဖြစ်ပါတယ်။ ပါ့ခ်ယိုချန်းဟာ ဘားတစ်ခုက ဝန်ထမ်းတစ်ဦးကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုတွေ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း အဆိုပါဝန်ထမ်းက စွပ်စွဲတိုင်ကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုတိုင်ကြားခံခဲ့ရပြီးနောက်မှာတော့ ပါ့ခ်ကလည်း ယင်းဝန်ထမ်းကို အသရေဖျက်မှုနဲ့ မဟုတ်မမှန် လိမ်လည်တိုင်ကြားမှုနဲ့ ပြန်လည်တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။ ဒီတိုင်ကြားမှုတွေကို တရားရုံးက စစ်ဆေးခဲ့ပြီးနောက် ပါ့ခ်ကို ပြီးခဲ့တဲ့ မတ်လအတွင်း တရားသေလွှတ်ခဲ့ကာ ဘားကဝန်ထမ်းကိုတော့ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက တရားသေလွှတ်ခဲ့တာဖြစ်ပါတယ်။

## ဆောင်းဟေကိုနဲ့ ဆောင်ဂျုန်ကီတို့ရဲ့မင်္ဂလာပွဲ

ယခုနှစ်မှာ ပရိသတ်တွေ အထူးစိတ်ဝင်စားခဲ့တဲ့ တောင်ကိုရီးယားအနုပညာသတင်းစာရင်းမှာ ချန်လှပ်ထားလို့မရတဲ့ သတင်းတစ်ပုဒ်ကတော့ မင်းသား ဆောင်ဂျုန်ကီနဲ့ မင်းသမီး ဆောင်းဟေကိုတို့ လက်ထပ်ခဲ့တဲ့သတင်း ဖြစ်ပါတယ်။ နာမည်ကျော်ကြယ်ပွင့်စုံတွေဟာ ပြီးခဲ့တဲ့နှစ်အတွင်း အောင်မြင်ကျော်ကြားခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun" မှာ ခေါင်းဆောင်တွေအဖြစ် အတူပါဝင်ခဲ့ကြပြီး ယင်းရုပ်ရှင်ရိုက်ရင်းနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ထုတ်လွှင့်စဉ်နဲ့ ထုတ်လွှင့်ပြီးနောက် သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပေမယ့် သူတို့နှစ်ဦးက အမြဲငြင်းခဲ့ကာ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ချစ်သူတွေဖြစ်နေကြောင်း တရားဝင် ထုတ်ဖော်ပြောကြားချိန်မှာတော့ မင်္ဂလာသတင်းကိုပါ တစ်ပါတည်း အသိပေးခဲ့ပါတယ်။ သူတို့ရဲ့မင်္ဂလာပွဲကိုတော့ ဆိုးလ်မှာရှိတဲ့ ရှီလာဟိုတယ်မှာ ကျင်းပခဲ့ကာ ရင်းနှီးတဲ့သူတွေနဲ့ အကျဉ်းချုံးကျင်းပခဲ့ပြီး မီဒီယာတွေကို ဝင်ခွင့်မပေးခဲ့တာကြောင့် ဒရုန်းနဲ့သာ ရိုက်ကူးခဲ့ရပါတယ်။ အဆိုပါကြယ်ပွင့်စုံတွဲရဲ့ မင်္ဂလာပွဲကတော့ တောင်ကိုရီးယားအနုပညာကြယ်ပွင့်တွေရဲ့ မင်္ဂလာ





ပွဲတွေအနက် ဒရုန်းနဲ့သာရိုက်ကူးခွင့်ရခဲ့တဲ့ ပထမဆုံးသောပွဲလည်း ဖြစ်လာခဲ့ပါတယ်။

## ဟွန်ဆန်စိုးနဲ့ ကမ်မင်ဟီးတို့ရဲ့ အချစ်ရေး

နောက်ထပ် စိတ်ဝင်စားစရာသတင်းကတော့ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ဟွန်ဆန်စိုးနဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ကမ်မင်ဟီးတို့ရဲ့အချစ်ဇာတ်လမ်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတည်းက ကောလာဟလတွေ ထွက်ခဲ့ပေမယ့် ပြီးခဲ့တဲ့ မတ် ၁၃ ရက်မှာတော့ ဒါရိုက်တာက သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြကြောင်း တရားဝင်ထုတ်ဖော်ခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ အသက်အရွယ်အားဖြင့် အလွန်ကွာခြားပြီး ဟွန်ဆန်စိုးမှာ ယခင်အိမ်ထောင်လည်း ရှိနေတာဖြစ်ပါတယ်။













## ကမ်ဝူဘင်ရဲ့ ကင်ဆာရောဂါ

နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ဝူဘင်ကတော့ ကင်ဆာရောဂါခံစားနေကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တဲ့သတင်းဟာလည်း ပရိသတ်တွေရဲ့ အာရုံစိုက်မှုကို အတော်လေးရရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေ ၂၄ ရက်မှာတော့ ကမ်ဝူဘင်ဟာ လည်ချောင်းကင်ဆာရောဂါခံစားနေရကြောင်း သူ့ရဲ့အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ကမ်ရဲ့ကုသမှုတွေမှာတော့ ချစ်သူဖြစ်တဲ့ မင်းသမီး ရှင်မင်အက သူနဲ့အတူရှိနေပေးခဲ့ပြီး အနားမှာအားပေးနေခဲ့တာ ဖြစ်ပါတယ်။ ကမ်ဝူဘင်ရဲ့ ရောဂါအခြေအနေနဲ့ပတ်သက်ပြီး နောက်ဆုံးကြားသိခဲ့ရချိန်မှာတော့ ကမ်ဟာ ပထမအကြိမ် ကုသရေးလုပ်ငန်းတွေ ပြီးမြောက်သွားခဲ့ပြီဖြစ်ကာ ကိုယ်အလေးချိန်ကတော့ ၂၂ ပေါင်ခန့်လျော့ကျသွားခဲ့ပါတယ်။

## ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့ မင်္ဂလာပွဲ

ယခုနှစ်ရဲ့ နှစ်စပိုင်းမှာ ပရိသတ်တွေကို ပထမဦးဆုံးအံ့အားသင့်အောင်လုပ်ဆောင်နိုင်ခဲ့တဲ့ သတင်းကတော့ အနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့ မင်္ဂလာသတင်းဖြစ်ပါတယ်။ ငါးနှစ်ကျော်ကြာမြင့်ခဲ့တဲ့ ချစ်သူသက်တမ်းရဲ့အဆုံးမှာတော့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်က မင်္ဂလာပွဲကို တိတ်တဆိတ်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ မင်္ဂလာပွဲကျင်းပမယ့်အကြောင်းကိုတော့ ကြိုတင် အသိပေးခဲ့ခြင်းမရှိဘဲ ကောလာဟလအဖြစ် ပေါ်ထွက်မှုတွေသာရှိခဲ့တာ ဖြစ်ပါတယ်။ မင်္ဂလာအခမ်းအနားကို ဆိုးလ်က ဘုရားကျောင်းတစ်ခုမှာ ကျင်းပခဲ့ပြီး နာမည်ကျော်တွေဖြစ်ပေမယ့် ရိုးရှင်းတဲ့ မင်္ဂလာပွဲနဲ့ သာမန်မင်္ဂလာဝတ်စုံတွေကြောင့် မီဒီယာစာမျက်နှာတွေ ပေါ်မှာ အချိန်အတော်ကြာနေရာယူထားခဲ့တဲ့ သတင်းတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

## ယာဉ်တိုက်မှုအတွင်း ကမ်ဂျုဟွတ်ခ် ဆုံးပါးခဲ့မှု

ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ပရိသတ်ရင်ထဲကို ရုတ်တရက်ရိုက်ခတ်နိုင်ခဲ့တဲ့ သတင်းကတော့ မင်းသား ကမ်ဂျုဟွတ်ခ် ယာဉ်တိုက်မှုတစ်ခုကြောင့် ဆုံးပါးခဲ့ရတဲ့ သတင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၃၀ ရက်မှာ ဖျော်ဖြေရေး အသိုင်းအဝိုင်းကို အံ့အားသင့်စေခဲ့တဲ့ သတင်းကတော့ ကမ်ဂျုဟွတ်ခ် ကွယ်လွန်ခဲ့တဲ့ သတင်းဖြစ်ပါတယ်။ ကမ် မောင်းလာတဲ့ကားဟာ အက်စီးဒင့်ဖြစ်ခဲ့ပြီး မမျှော်လင့်ဘဲ အသက်ပါဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။ ကမ်ဂျုဟွတ်ခ် ကွယ်လွန်ခဲ့တာကြောင့် လုပ်ဖော်ကိုင်ဖက်တွေ၊ ပရိသတ်တွေအပြင် သူ့ရဲ့ချစ်သူ လီယိုယောင်းကလည်း လွမ်းဆွတ်ကြောင်း ဖော်ပြခဲ့ကြပါတယ်။ ။




## ဖျော်ဖြေပွဲတွေကို ထပ်မံရွှေ့ဆိုင်းလိုက်တဲ့ ရှာကီရာ

ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ရှာကီရာကတော့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေ ကျင်းပသွားမယ့်ရက်တွေကို ထပ်မံရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ပါတယ်။ ဒီလိုရက်တွေ ရွှေ့ခဲ့ရတာကတော့ သူ့ရဲ့အသံအိုးပြဿနာကြောင့်ဖြစ်ပြီး မြောက်အမေရိကားမှာ ပြုလုပ်သွားဖို့ရာ ရည်ရွယ်ထားတဲ့ ဖျော်ဖြေပွဲရက်တွေကို ထပ်မံရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းကလည်း ဖျော်ဖြေပွဲကို ရွှေ့ကြောင်းကြေညာခဲ့ပြီး လတ်တလောမှာတော့ ထပ်မံရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ကျင်းပသွားမယ့်ရက်အတိအကျကိုပါ ကြေညာပေးခဲ့ကာ လာမယ့် ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်မှာ ဂျာမနီကနေ စတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## အခြေခံမွေးမြူရေးလုပ်သားမွမ်းမံသင်တန်းပူတာအိုတွင်ဖွင့်

**ပူတာအို ဒီဇင်ဘာ ၂၈**
အခြေခံမွေးမြူရေးလုပ်သား (CAHW) သင်တန်းသားများကို တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး အခြေခံဘာသာရပ်များအား စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးစေရန်နှင့် လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရန်၊ ဒေသတွင် မွေးမြူသော တိရစ္ဆာန်များ၏ကျန်းမာရေးစောင့်ရှောက်ပေးရန်နှင့် အသားထုတ်လုပ်မှုစားသုံးမှုကဏ္ဍတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ကချင်ပြည်နယ် ပူတာအိုခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံမွေးမြူရေးလုပ်သားမွမ်းမံသင်တန်းကို ဒီဇင်ဘာ ၂၆ ရက်က ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်ရောဂါကာကွယ်ဆေးအကြောင်း သိကောင်းစရာများနှင့် အခြေခံမွေးမြူရေးဘာသာရပ်များကို ခရိုင်ဦးစီးမှူး ဒေါက်တာဇော်ဇော်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဇာမဲဖီရမ်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်သက်ဟိန်းတို့က ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့သင်ကြားကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ သင်တန်းသား ၁၀ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းသားများအတွက် လိုအပ်သော ဆေးထိုးကိရိယာများနှင့် ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စက်ရေတွင်းတူးဖော်နေမှုကွင်းဆင်းကြည့်ရှု

**ပေါက်ခေါင်း ဒီဇင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မစိုးရိမ်အုပ်စု မတောင့်တကျေးရွာတွင် UNICEF က ထောက်ပံ့လှူဒါန်းငွေနှင့် ကျေးရွာလူထု၏စုပေါင်းထည့်ငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော လေးလက်မ စက်ရေတွင်းတူးဖော်နေမှုကို ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးသည် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။

**သူရိန်ထွန်း (ပဲခူး)**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မိဘပြည်သူများထံသို့
# Sagaing United Football Club ဘောလုံးအသင်းအပ်နှံ



**မုံရွာ ဒီဇင်ဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် ၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် Sagaing United Football Club အသင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မိဘပြည်သူများသို့ အပ်နှံပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး **Sagaing United Football Club** အသင်းဥက္ကဋ္ဌဦးဖိုးချစ်(ဇာတ်သဘင်)က ဘောလုံးအသင်းတည်ထောင်ဖြစ်ပေါ်လာပုံ၊ အပ်နှံရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍လည်းကောင်း၊ Myanmar National League အမှတ်ပေးပြိုင်ပွဲများ ကျင်းပခဲ့ခြင်းနှင့် ပတ်သက်၍ Myanmar National League (CEO)ဦးစိုးမိုးကျော်က ရှင်းလင်းပြောကြားသည်။

၂၀၁၈ခုနှစ် Myanmar National League အမှတ်ပေးပြိုင်ပွဲအား ဇန်နဝါရီ ၁၂ ရက်တွင် ပွဲစဉ်(၁) အဖြစ် ကျင်းပမည်ဖြစ်ရာ ဇွဲကပင်အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့သည် သုဝဏ္ဏကွင်း၌ လည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် မြဝတီအသင်းနှင့် မကွေးအသင်းတို့သည် အောင်ဆန်းကွင်း၌ လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်တွင် ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်းတို့သည် ပဲခူး Grand Royal ကွင်း၌ လည်းကောင်း၊ စစ်ကိုင်းယူနိုက်တက်(ယခင်မဟာယူနိုက်တက်)အသင်းနှင့် ရခိုင်အသင်းတို့သည် မုံရွာ ပြည်သူ့အားကစားကွင်း၌ လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့သည် မန္တလာသီရိကွင်း၌ လည်းကောင်း၊ Southern အသင်းနှင့် GFA အသင်းတို့သည် မော်လမြိုင်ကွင်း၌ လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# ဥမ္မာဒန္တီကမ်းခြေသို့ လာရောက်အပန်းဖြေသူများပြား



**ဓနုဖြူ ဒီဇင်ဘာ ၂၈**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင်ရှိသော ဥမ္မာဒန္တီကမ်းခြေသည် လာရောက်လည်ပတ် အပန်းဖြေသူများလာပြီဖြစ်သည်ဟုသိရသည်။

ဒီဇင်ဘာလ အစမှာပင် စတင်ဖွင့်ထားကြောင်း၊ ကမ်းခြေသည် မြစ်ကမ်းဖြစ်သော်လည်း ကျယ်ပြန့်ပြီး မြေပြင်ညီညာမှုရှိခြင်း၊ အပန်းဖြေရေကူးရန်အတွက် အခြားကမ်းခြေများနည်းတူ နေရာအလုံအလောက်ရှိခြင်း၊ စျေးဆိုင်များမှာလည်း သဘာဝကျူရိုး၊ ကိုင်းရိုးများကို အမိုးများပြုလုပ်ထားခြင်းတို့ကြောင့် သဘာဝအရသာကိုခံစားနိုင်ပြီး ဥမ္မာဒန္တီကမ်းခြေသို့ ဇလွန်မြို့ ပြည်တော်ပြန်ဘုရားဖူးအပြန်နှင့် ဓနုဖြူမြို့၏ သမိုင်းဝင် ကျိုက္ကလွန်ဗွန်းဘုရားဖူးရင်း လာရောက်လည်ပတ်ကြပြီး မြို့ခံများအတွက် ညနေအလုပ်သိမ်းချိန်တွင် မိသားစုများ၊ သူငယ်ချင်းများအတွက် အပန်းဖြေရန်အကောင်းဆုံးကမ်းခြေဖြစ်ကြောင်းသိရသည်။

**အောင်သူဟိဏ်း(ပြန်/ဆက်)**

## ရွှေဆံပင်ပညာဒါနစာသင်ဝိုင်းမှ ကျောင်းသားကျောင်းသူများ အလောင်းတော်ကဿပသို့ ခြေလျင်တောင်တက်ခရီးထွက်

**ပုလဲ ဒီဇင်ဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုထိုးသာကျေးရွာရှိ ရွှေဆံပင်ဆရာတော်အရှင်ဝေပုလ္လဦးစီးဖွင့်ထားသော ရွှေဆံပင်ပညာဒါနစာသင်ဝိုင်းမှ ကျောင်းသား ကျောင်းသူ ၁၅၀ခန့်သည် ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း အာဆီယံအမွေအနှစ်အလောင်းတော်ကဿပဘေးမဲ့အမျိုးသားဥယျာဉ်နှင့်အလောင်းတော်ကဿပစံကျောင်းတော်သို့ ခြေလျင်တောင်တက်ခရီးထွက်ကြကြောင်း သိရသည်။

"ကျောင်းသား ကျောင်းသူတွေက ဒီဇင်ဘာ ၂၆ ရက် မနက် ၄ နာရီမှာ ကျောင်းကစထွက်တာဖြစ်ပြီး ခြေလျင် ၁၅ မိုင်တက်တာ ညနေ ၅ နာရီမှာ ဘုရားကိုရောက်ပါတယ်၊ ကလေးတွေကအလောင်းတော်ကဿပတောထဲ တစ်နေကုန်လည်ပတ်ကြပြီးနောက် တစ်ညအိပ်ပြီးမှပြန်လာကြမှာပါ။ ကလေးတွေအနေနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံဗဟုသုတ စိတ်ဓာတ်ခွန်အားတွေ စည်းလုံးညီညွတ်မှုတန်ဖိုးတွေ သဘာဝပတ်ဝန်းကျင်တန်ဖိုးတွေရကြတာ မြင်ရလို့ကျေနပ်မိပါတယ်"ဟု ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လက မိန့်ကြားသည်။

ရွှေဆံပင်ပညာဒါနစာသင်ဝိုင်းမှ အလောင်းတော်ကဿပစံကျောင်းတော်အထိ ၃၆ မိုင်ကွာဝေးပြီး ခရီးမိုင် ၂၀ အထိ ကျောင်းသား ကျောင်းသူများကို ကားဖြင့် ပို့ဆောင်ပေးကာ ကျန်သည့် ၁၆ မိုင် အသွားအပြန် ၃၂ မိုင်ကို တောင်ပေါ်ခရီးခြေကျင်သွားရောက်ကြခြင်းဖြစ်ကြောင်းသိရသည်။

ကျောင်းသားကျောင်းသူများအနေဖြင့် ကာယစိတ္တကျန်းမာကြံ့ခိုင်ပြီး စည်းလုံးညီညွတ်ကာ အချင်းချင်းကူညီရိုင်းပင်းသည့်စိတ်စာပေကရရှိသည့် အသိနှင့်သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ ခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲက နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာကော်မတီများဖွဲ့စည်းထားခဲ့ပြီဖြစ်၍ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ အခက်အခဲများနှင့်အကြံပြုချက်များကိုလည်းဆွေးနွေးပေးစေလိုကြောင်းကိုလည်းကောင်း၊ တိုင်းရင်းသာလူမျိုးရေးရာဝန်ကြီးနော်ပွယ်စေးက အလံတင်အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားတွင် မွန်ရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့် ကရင်ရိုးရာ ယဉ်ကျေးမှုအကအဖွဲ့တို့မှ ပါဝင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက လုံခြုံရေးကိစ္စသည် လုံခြုံရေးကော်မတီတစ်ခုတည်းတာဝန်ရှိသည်မဟုတ်ဘဲ ကော်မတီအားလုံးနှင့်ဆက်ဆိုင်ကြောင်း၊ ဖိတ်ကြားရေးနှင့် ပတ်သက်၍ဖိတ်စာများအား အချိန်မီရောက်ရှိအောင်ပေးပို့သွားရန်၊ အားကစားပြိုင်ပွဲများနှင့်ပတ်သက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားအားသီးခြားစီစဉ်ဆောင်ရွက်ရန်ဆွေးနွေး ခဲ့ကြသည်။

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့၌ မာရသွန်(သနပ်ပင်မြို့မှတိုင်းအားကစားနှင့်ကာယပညာဦးစီးမှူးရုံးရှေ့ထိ) ကြက်တောင်၊ ရိုးရာခြင်း၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ လွန်ဆွဲ၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ ဘိလိယက်၊ စနုကာ၊ စစ်တုရင်စသည့်အားကစားနည်း ၁၀ မျိုး ကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းကို ယင်းနေ့ နံနက် ၁၁နာရီတွင်ပဲခူးတိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ တွေ့ဆုံပွဲသို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့်သက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **၅၈၇**

## ကျောက်ထုတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်

**ကျောက်ထု ဒီဇင်ဘာ ၂၈**
ဂန့်ဂေါခရိုင် ကျောက်ထုမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် ဒီဇင်ဘာ စတုတ္ထပတ်အတွင်း မြို့ပေါ်ရှိ လျှပ်စစ်မီးလိုင်းများ အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများနှင့်ပူးပေါင်းကာ လျှပ်စစ်ဝါယာကြိုးလိုင်းများနှင့် ဆက်စပ်လျက်ရှိသည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပြတ်နေသည့် မီးလိုင်းကြိုးများ အသစ်တပ်ဆင်ခြင်း၊ အိမ်တွင်းမီးကြိုး၊ မီးခလုတ်များနှင့် ပလပ်ပေါက်များ လုံခြုံစိတ်ချမှုရှိစေရေးတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **၄၆၅**

# စက်မှုအင်ဂျင်နီယာ(Mechanical Engineer)များ၏ တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

စက်မှုတက္ကသိုလ် (RIT, YIT, YTU) စက်မှုအင်ဂျင်နီယာဌာနမှ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ယူပို့ချသင်ကြားနေဆဲ ဆရာကြီး၊ ဆရာမကြီးများ၊ စက်မှုအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် YTU တွင် တက်ရောက်သင်ယူနေဆဲ စက်မှုအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ၏ တွေ့ဆုံပွဲ (ALL MECHANICAL GATHERING) ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စက်မှုအင်ဂျင်နီယာများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**စက်မှုအင်ဂျင်နီယာများ တွေ့ဆုံပွဲကျင်းပရေး ကော်မတီ။**

**Organizing Committee of ALL MECHANICAL GATHERING - 2017,**

**Myanmar Institution of Mechanical Engineers (MI Mech E).**

ကျင်းပမည့်နေ့ရက် - ၃၁-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - ညနေ (၆း၀၀) မှ (၉း၀၀)

ကျင်းပမည့်နေရာ - Dolphin Restaurant ကန်ရိပ်သာလမ်း၊ ကန်တော်ကြီး၊ (မိုးကုတ်ဝိပဿနာရိပ်သာ၏အရှေ့)၊ ဗဟန်း၊ ရန်ကုန်မြို့။

Enquiry Contact Persons: Ko Win Htain Oo (09-785170399), Ko Tin Tun Aung (09-5023309), Ko Kyaw Hlaing (09-5065543), Ko Hla Win (09-5197621)

ရွှေအိုးကြီး
Hotel 70000 / 95000
09421073634, 777636630

ကားမျိုးစုံ
Ph: 09-795548884

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

မင်္ဂလာပါ
အိမ်ပြောင်း အိမ်ရွှေ့လုပ်ငန်း
Box တစ်မျိုးတည်း
09-450042704
09-250095116
09-420096286

လှိုင်မင်းလတ်
LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 7-9 | (am) | 16.Dec |
| Sec(B) | Sat+Sun | 9-11 | (am) | 23.Dec |
| Sec(C) | Sat | 11-3 | (pm) | 30.Dec |
| Sec(D) | Sun | 11-3 | (pm) | 31.Dec |
| Sec(E) | Mon+Tue | 6-8 | (pm) | 1. Jan |
| Sec(F) | Fri | 12-4 | (pm) | 5.Jan |
| Sec(G) | Mon to Fri | 12-3 | (pm) | 8. Jan |

| Level III | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 3-8 | (pm) | 16.Dec |
| Sec(B) | Wed to Sun | 6-8 | (pm) | 23.Dec |
| Sec(C) | Mon to Fri | 8-12 | (am) | 1.Jan |

တန်းခွဲသစ်စမည်
Ph: 09 510 9922

CEO ၂၀၁၈ ဇန်နဝါရီလထုတ်ပြီ
• ကျွမ်းကျင်၏ Startup Guru
• ကမ္ဘာကျော်အတိုင်ပင်ခံလုပ်ငန်း Accenture



သီပေါတန်း
09-254256969
09-971322259

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၁၊ မြေကွက်အမှတ်-၅၅၉(ခ)၊ မြေကွက်တည်နေရာအမှတ်-၅၅၉-ခ၊ အောင်သိဒ္ဓိလမ်းသွယ်လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးမြတ်ဝဏ္ဏစိုး) (KTDA-၀၀၆၁၆၁) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်သန္တာထွန်း[၁၂/လမန(နိုင်)၁၂၂၄၁၇]မှ တင်ပြပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဒေါ်သီတာဦး
B.Com (Q), CPA, Dip IFR(ACCA)
LCCI I,II&III 2018 June Exam
Level -II (7.1.18 စမည်) Level -III(14.1.18 စမည်)
(A)Sun 8:00 to 12:00 am
(B)Thur - Fri 9 to 11 am
(A) Fri - Sat 6:00 to 8:00 pm
Sun 2:00 to 8:00 pm
(B) Sat 4:00 to 8:00 pm
Sun 2:00 to 8:00 pm
No.29,4-
Ph,095178297-09 785178297-09 965178297

ဝန်ထမ်းအလိုရှိသည်။
၁။ မန်နေဂျာ (KTV) မ(၁)ဦး
၂။ မန်နေဂျာ (Beauty Salon) မ(၁)ဦး
၃။ ကျား/မ(၃)ဦး
၄။ Waiter ကျား/မ(၅)ဦး
၅။ Security ကျား(၂)ဦး
၆။ Helper မ(၁၀)ဦး
၇။ မ(၅)ဦး
၈။ Foot Massage မ(၃)ဦး
၉။ မ(၅)ဦး
09 952225350

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းစန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
Ph: 09-5426261, 09-73226484
Ph: 09-5076661, 09-5076662, 09-5076663

၂၀-၁၂-၂၀၁၇ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၃၀) တွင် ပါရှိသော ဒေါ်နိုင်နိုင်မိုးထက် ၊ ဦးစွန်ကိုကိုလွင်၊ ဒေါ်ဟန်မိုးလွင် JUNE JULY MOE MEDIA GROUP Co., Ltd ၏ ...

Mr. Yun Chiwon (Passport No: M10526452) ...

... K-POP Festival 2017 IN MYANMAR ... K-POP Festival 2017 IN MYANMAR ... BOX Media ... Korea Won 186,915,000 ... BOX Media ... Mr. Yun Chiwon ... BOX Media ... JUNE JULY MOE MEDIA GROUP Co., Ltd ...

Mr. Yun Chiwon ၏လွှဲအပ်ညွှန်ကြားချက်အရ -

LL.B. LL.M.

LL.B.,B.A(Business Law).,C.B.L., DL.101 WIPO(Switzerland)

Ph : 09 - 8610513, 09 - 250729155, 09 - 450976599

AYARWADDY LEGEND TRAVELS & TOURS မှ စီစဉ်သော

# စိန်ရောင်ခြည်
ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း

Jan 17 , Jan 18 (၇ ည/ ၈ ရက်)ခရီးစဉ်အတွက် USD 650
Feb 7 , Feb 8 (၁၄ ည/၁၅ ရက်)ခရီးစဉ်အတွက် USD 850

March, April ခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

E-mail: seinyaungchi2014@gmail.com

## ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(ခွဲ)ရေပြာ၊ နဝမတန်းမှ ပညာသင်ကြားနေသော မစန္ဒာလင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်လင်း [၉/မပန(နိုင်)၁၆၇၄၅၇] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(ခွဲ)ရေပြာ၊ ဒသမတန်းမှ ပညာသင်ကြားနေသော မခက်ခက်စိုး၏ ဖခင်အမည်မှန်မှာ ဦးသောင်းနိုင် [၉/ပဗသ(နိုင်)၀၀၂၇၇၂] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(ခွဲ)ရေပြာ၊ ဒသမတန်းမှ ပညာသင်ကြားနေသော မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် [၉/ပမန(နိုင်)၂၀၄၂၅၃] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(ခွဲ)ရေပြာ၊ ဒသမတန်းမှ ပညာသင်ကြားနေသော မောင်ဘားနပ်၏ ဖခင်အမည်မှန်မှာ ဦးမန္တယ်လယ်ညိမ်း [၉/ပမန(နိုင်)၀၈၁၀၁၆] ဖြစ်ပါကြောင်း။

ဂယာရွှေပြည်
ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့

Ph:09425334456,09250233699,0949323965

ပင်လယ်စာ စားသောက်ဆိုင်
Waiterများ(၅)ဦး
အမြန်အလိုရှိသည်။
09 952225350

ဝင်းဦး

ဖကြွေသောပန်း
09-258022220
09-250499979
09-73209992
09-254449533

ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

# ဦးသူရရှိန် စာရင်းကိုင် သင်တန်းများ
AAT Level 2, 3, 4
LCCI Level 1-2, 3
MAS EDUCATION CENTER
တန်းခွဲသစ်များကို Jan 2018 တွင်စတင် ပါမည်။
Centre I -အမှတ် (၁၈၄-၁၈၆) ဗဟိုလမ်း၊ ၄၅လမ်း (အထက်) ဗိုလ်တထောင်မြို့နယ်။
Centre II -အမှတ် (၁၀၆-A) ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။
09-779922385, 09-779922386, 09-779922387

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
01-570307
09-5112729
09-5126394

GOLDEN EDEN
Bedsheet | Comforter | Pillow | Bolster



YEAR END SALE
selected item up to 25% OFF
While stock last
Imported from Singapore
www.goldenedensleepsolutions.sg
NOW AVAILABLE AT Ocean marketplace
Place : Junction Square Date : 28 to 29 December 2017
Authorized Sole Distributor in Myanmar
Kaday Myaing Co., Ltd
Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza. Ph: 01 203671, 205756

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

FAME
LADYMAX™
Anti-wrinkle Cream
အရေးအကြောင်းလျော့နည်းစေပြီး အသားအရေတင်းရင်းလှပစေရန်




City Mart နှင့်
Ocean SUPERCENTER
တို့တွင် ဝယ်ယူရရှိနိုင်ပါသည်...
ကျား/မ မရွေး အသုံးပြုနိုင်သည်
Ph: 09-965 559 860, 09 731 422 16







JAPANESE BBQ
BUFFET STYLE
Manpuku

လူကြီး 12,800 Ks
ကလေး (၃ပေခွဲ မှ ၄ပေ) 7,000 Ks
ကလေး (၃ပေခွဲအောက်) FREE



အားလုံး ပျော်ပျော်ပါးပါးကြီး
သွားစားကြရအောင်
(၈)ယောက်စား (၁)ယောက် အခမဲ့
ကူပွန်ယူဆောင်လာရမည်



(၈)ယောက်လာရောက်စားသုံးလျှင် (၇)ယောက်စာ အတွက်သာ ပေးချေရမည် (ကူပွန်ပြသရန် လိုအပ်သည်)

ဆိုင်ဖွင့်ချိန် (3:00pm ~ 11:00pm) Last Ordar နောက်ဆုံးမှာကြားရန် (10:00pm)
အမှတ် (26/26B) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရထားသံလမ်းအနီး။
Ph: 099 6155 5966, 099 6155 7977, 09 8300 426

December
အထူး Promotion


## ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ်၊ ၃၈ ယ/၈၉၂၀၉၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သင်းသင်းနွယ် [၁၀/သထန (နိုင်)၁၅၈၈၇၉] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**


## အောင်ဇေယျ ဧည့်ရိပ်မွန်

အောင်ရတနာဈေးရုံး၊ City Mart, Super One, ILBC ...
No.81, အောင်ဇေယျလမ်း၊ ရန်ကင်း၊ ...
Ph 09-9689 133 03
09-9689 133 63
Wifi Free
10000 / 12000
20000 / 27000
Facebook (အောင်ဇေယျ ဧည့်ရိပ်မွန်)



## * မြန်မြန်လေးရွှေ့ရောင်းမည် *

| | | | |
|---|---|---|---|
| သံလွင်လမ်းသန့် | (45x60) | လုံးချင်း | 6500 L |
| တာမွေ Market Palace နီး | (50x60) | မြေကွက် | 7490 L |
| ဘောက်ထော် | (54x100) | မြေ | 8900 L |
| သုဓမ္မာ | (40x110) | 2RC,4Mbr | 7290 L |
| ဂုံ(၁)နီးကွန်ဒို | (1825Sf) | 1Mbr,2Br | 2399 L |
| G.E.M.S ကွန်ဒို | (1500SF) | 1Mbr,2Br | 3200 L |
| ရွှေဂုံတိုင်ကွန်ဒို | (2150SF) | 2Mbr,2Br | 4500 L |
| အောင်ရတနာ | (80x100) | 2RC | 9900 L |
| Citymart နီး(ပ/လှ) | (42x60) | 2BN | 1350 L |
| ဝင်းလုံကျောက်(ပ/လှ) | (40x60) | 2½RC | 2990 L |
| သစ္စာလမ်းကျောက်တံ | (20x60) | 5RC(6-Q) | 2590 L |
| ရွှေလလမ်း(ပ/လှ) | (40x60) | 2RC | 1990 L |
| Citymart နီး(တ/ဥ) | (20x60) | 2BN(9-Q) | 1090 L |
| အင်းယားလမ်းပေါ် | (50x40) | 1RC,showroom | R/39 L |

09 773221022, 09785221022, 09777720166


## ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ် ... (B.C.C ရုံး)

ဖုန်း- 09-5401011, 09-73095677, 09-5002931

## အမြန်ငှားမည်

(ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်)
လမ်းမကြီးပေါ်၊ ခြံကျယ်၊ တစ်ထပ်ခွဲတိုက်ပါ။
ဂိုဒေါင်ပါသည်။ ကုမ္ပဏီများနှင့် သင့်တော်ပါသည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၄၇၇၃၅၀၉**


Ph:09 73063683
09 795809414





ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ







## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် ဟိုတယ်မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ်(၆)အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

သင်တန်းဖွင့်လှစ်မည့်ရက် ။ ။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ။ ။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း
[ယခင် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)၊ ကျောင်းဂိတ်မှတ်တိုင်အနီး]၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၁-၆၄၅၇၅၉၊ ၀၉-၄၀၁၀၇၄၀၇၇
သင်တန်းကာလ ။ ။ (၁၀)ပတ်

၂။ သင်တန်းအမှတ်စဉ်(၆)တွင် သင်တန်းသား(၁၅)ဦး လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-
(က) နဝမတန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့် သင့်တော်သော ကျန်းမာရေးရှိရပါမည်။
(ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက်မကြီးသူ ဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သောသူများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သင်တန်းစာမေးပွဲ အောင်မြင်သူများမှာ အသိအမှတ်ပြုအောင်လက်မှတ် ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေး အခမဲ့ဖြစ်ပြီး အသိအမှတ်ပြုအောင်လက်မှတ်ရ ထူးချွန်သောကျောင်းသားများကို လက်တွေ့လုပ်ငန်းခွင်သင်တန်း (၄)လမှ (၆)လ တက်နိုင်ရန် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။ လက်တွေ့လုပ်ငန်းခွင်သင်တန်း တက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလတစ်လျှောက် သင့်လျော်သော ထောက်ပံ့ကြေးပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက် လိုအပ်သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment)အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် ၂-၁-၂၀၁၈ရက်မှ စတင်၍ နံနက် ၉း၃၀နာရီ မှ ညနေ ၄း၀၀နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား (၁. ၅"×၂") ရောင်စုံဓာတ်ပုံ(၅)ပုံ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါ သင်တန်းကျောင်းတွင် ၁၇-၁-၂၀၁၈ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(အောင်ဆန်း)၊ ဖုန်း-၀၁-၆၄၅၇၅၉၊ ၀၉-၄၀၁၀၇၄၀၇၇ သို့ ရုံးချိန်အတွင်း (နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း) စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**



" ရွှေဖြိုးညီ အိမ်ခြံမြေအကျိုးဆောင် "

| | | |
|---|---|---|
| [illegible] | (75'x140') 2RC၊ ဝရန် | 1sqft-4 သိန်း |
| [illegible] | (60'x60') မြေ ဝရန်၊ [illegible] | 17000 သိန်း |
| [illegible] | (40'x60') မြေ ဝရန် | 6500 သိန်း |
| [illegible] | (55'x50') မြေ [illegible] | 7600 သိန်း |
| [illegible] | (40'x60') မြေ ဝရန် | 7400 သိန်း |
| [illegible] | (60'x50') မြေ ဝရန် | 5200 သိန်း |
| [illegible] | (80'x80') မြေ [illegible] | 3500 သိန်း |
| [illegible] | (1800sqft)2MBR,1BR | 3450 သိန်း |
| [illegible] view [illegible] | (2200sqft)2MBR,2BR | 3300 သိန်း |
| Orchid [illegible] | (2050sqft)3MBR,AC-4 | 3200 သိန်း |
| [illegible] | (50'x70') မြေ ဝရန် | 2900 သိန်း |
| [illegible] | (2100sqft)1MBR,2BR | 2700 သိန်း |
| [illegible] | (1825sqft)1MBR,2BR | 2400 သိန်း |

094444 55 346, 09 7700 877 98, 09 7700 877 38

သန်းခေါင်စာရင်းနှင့်လျှော့ဈေးစျေးများ ဖ ကျိုက်ထီးရိုး/ရွှေဝသာ

ဧည့်ဦးမြင်မြင် 09-444450448, 09-444450558, 09-250144709

Dec 29, JAN 5,12,19,26

MT & K Tourism Company Limited
ဗီယက်နမ်မြောက်ပိုင်း (ဟန်ွိုင်း-ဟလောင်းဒေသ-နမ့်ဘင်း)
၃ ညအိပ် ၄ ရက်ခရီးစဉ်
တစ်ဦးလျှင် 410 US$ (ဇန်နဝါရီ ၂၅ မှဖေဖော်ဝါရီ ၂၈ ထိ)
လေယာဉ်လက်မှတ်အပါအဝင် စရိတ်ငြိမ်း
ဆက်သွယ်ရန်-01 656573, 09 5040314, 09 798280959

Asia Dragon
ရှောင်းသာ ✱ ငွေဆောင်
ကျိုက်ထီးရိုး ✱ မြဝတီမဲဆောက်
09 300 300 30 , 09 300 300 90

နားပေါက်ကျယ်ချုပ်သည်
နားပေါက်ဖောက်သည်
- နဂိုအတိုင်းဖြစ်အောင် လှပစွာ ချုပ်ပေးသည်။
- တစ်ပေါက်(၅၀၀၀၀ ကျပ်)၊ နှစ်ပေါက် (၁) သိန်းကျပ်
Ph:09-777747223, 09-5139298

ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း (LL.B.)
09 - 5152521, 09 - 253997740, 01 - 394727
01 - 399426

လှပြည့် 09-5037438 532200


# မန္တလေးမြို့မလွန်ဈေး ဆန်လှူအသင်းကြီး၏(၁၂၂)နှစ်မြောက် ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန် နှိုးဆော်လွှာ အသင်းဖွဲ့စည်းခွင့်အမှတ် (၁၂၉၃)

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေး(၇)မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံပုဂ္ဂိုလ်ပေါင်း (၆၀၀၀၀)ကျော်တို့အား မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီးမှ ၁၃၇၉-၈၀ခုနှစ်(၁၂၂)နှစ်မြောက် မဟာသံဃိကတပ္ပဏပွဲကျင်းပ ဆွမ်းဆန်တော်များ လှူဒါန်း နိုင်ရန်အတွက် အလှူရှင်များ၊ သင်းထောက်အဖွဲ့များမှ ပေးပို့လှူဒါန်းလျှက်ရှိရာ ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်းလျှက် ရှိပါသည်။

(၅. ၁. ၂၀၁၈)ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလွန်ဆန်လှူသင်းထောက်အဖွဲ့များအသီးသီးသို့ အလှူခံခရီးစဉ် စတင် ထွက်ခွာပါမည်။

ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့
မလွန်ဈေးဆန်လှူအသင်းကြီး
မန္တလေးမြို့၊ ၀၂-၇၉၂၅၀







အတွဲ ၂၁၊ အမှတ် ၂ ဇန်နဝါရီလ၊ ၂၀၁၈

ဝင့်ကြွားထည်ဝါ စိန်ရတနာ
အငြင်းလိုင်းဖြင့် အသီးချုကုတ်
နောက်ဆုံးပေါ် အမျိုးသမီးဝတ် လက်ဝတ်နာရီများ
၂၀၁၈ ဇန်နဝါရီလထုတ် ထွက်ပြီ
၃,၀၀၀ ကျပ်
တုဒေးစာအုပ်တိုက်က ထုတ်ဝေသည်။



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ တက်ရောက်ရန်အတွက် ငြိမ်းချမ်းရေးကော်မရှင် ဖိတ်ကြား

**ရန်ကုန် ဒီဇင်ဘာ ၂၈**

လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်တွင် ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ တက်ရောက်နိုင်ရန် အဆိုပြု ဖိတ်ကြားခဲ့ပြီး ညီလာခံတက်ရောက်ရန်အတွက် စာဖြင့် တရားဝင်ဖိတ်ကြားမှုကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရုံးတွင် ကျင်းပသည့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ (PC)တို့၏ တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဆိုပြု ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**




စစ်တွေမြစ်ကမ်း မြို့သစ်စီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်။

# စစ်တွေမြစ်ကမ်း မြို့သစ်စီမံကိန်း ၂၀၁၈ နှစ်ကုန်ပိုင်းတွင် ပြီးစီးမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည့် စစ်တွေမြစ်ကမ်း မြို့သစ်စီမံကိန်း(Sittwe Waterfront Project) မှာ လက်ရှိတွင် ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး လာမည့် ၂၀၁၈ နှစ်ကုန်ပိုင်းတွင် အပြီးသတ် ပြီးစီးမည်ဖြစ်ကြောင်း စစ်တွေမြစ်ကမ်း မြို့သစ်စီမံကိန်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

# အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း တက္ကသိုလ်အသင်းကို ဂိုးပြတ် အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက ဂိုးပြတ်အနိုင်ရခဲ့သည်။ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းသည် တက္ကသိုလ်အသင်းနှင့် စတင်တွေ့ဆုံခဲ့ပြီး ကိုးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် တက္ကသိုလ်အသင်းသည် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ လက်ရွေးစင်ကစားသမားအများစုပါဝင်သည့်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**



အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

